ကြေးမုံ
The Mirror Daily
Established in 1957

### အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၈ ရက် သောကြာနေ့။ Friday, 2 June 2017 (၈၉၄၃)

# ဟဲဟိုးမြို့ရှိ ခေတ်မီသီးနှံစိုက်ခင်းများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုလေ့လာ



ဟဲဟိုးမြို့ရှိ Prime Farm ၌ ခေတ်မီစိုက်နည်းစနစ်များဖြင့် သီးနှံများစိုက်ပျိုးထားရှိမှုကို နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့ရှိ Prime Farm ၌ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၄ နာရီတွင် ဟဲဟိုးမြို့ရှိ Prime Farm သို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ Prime Farm ဒါရိုက်တာ Mr. Daniel နှင့် မန်နေဂျာ ဦးချမ်းမြေ့အောင်တို့က Prime Farm ထူထောင်ရခြင်း ရည်ရွယ်ချက်၊ ခေတ်မီစိုက်နည်းစနစ်အသုံးပြု၍ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု၊ စမ်းသပ်သီးနှံများစိုက်ပျိုးထားရှိမှု၊ တင်ပို့ရောင်းချမှု၊ ဈေးကွက်အခြေအနေနှင့် အနာဂတ်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အလွတ်စိုက်ကွက်များ၌ အစ္စရေးနိုင်ငံ NETAFIM နည်းပညာဖြစ်သည့် ရေအစက်ချစိုက်နည်းစနစ်အသုံးပြု၍ ဘယ်ရီနှင့် စတော်ဘယ်ရီပင်များ စိုက်ပျိုးထားရှိမှု၊ Pump House၊ Green House ဖြင့် ဥရောပစတော်ဘယ်ရီမျိုး ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ စိုက်ကွက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

## မြန်မာနိုင်ငံ၌ အရှင်မွေး ၁၀၀၀ တွင် ၅၀ သေဆုံးမှုမှာ ငါးနှစ်အောက်ကလေးများဖြစ်နေ

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံတွင် ၂၀၁၅-၂၀၁၆ ခုနှစ်က ကောက်ယူခဲ့သော ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များအရ ငါးနှစ်အောက်ကလေး သေဆုံးမှုသည် အရှင်မွေး ၁၀၀၀ တွင် ၅၀ သေဆုံးနေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကလေးကျန်းမာရေးဖွံ့ဖြိုးရေးဌာနခွဲနှင့် USAID Maternal and Child Survival Program တို့ မေ ၃၀ ရက်က ပူးပေါင်းကျင်းပသည့် မွေးပြီး ၂၄ နာရီအတွင်း မွေးကင်းစကလေးပြုစုစောင့်ရှောက်မှု၊ သေးငယ်သောကလေးအား ပြုစုစောင့်ရှောက်မှုနှင့် မကျန်းမာသော ငါးနှစ်အောက်ကလေးအား ပေါင်းစည်းကုသခြင်း လုပ်ငန်းရပ်များပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းအခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ပြောကြားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ✻

## (၃)ကြိမ်မြောက် ကျပ်သိန်းတစ်သောင်းဆု ရှမ်းပြည်နယ် ပင်လုံမြို့မှ ဆွတ်ခူး

စာမျက်နှာ - ၁၁



# ပြည်သူနှင့်အတူ

**☆ ဟဲဟိုးမြို့မှ**

Prime Farm ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် Prime ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းကာ ဈေးကွက်၊ ရာသီဥတု၊ သီးနှံ၊ ကုန်ကျစရိတ် ဤလေးချက်ကို အဓိကတွက်ချက်ပြီး ဟဲဟိုးမြို့၌ ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စမ်းသပ်စိုက်ဧက ၂၃ ဧက၊ Pump House၊ Green House စနစ်ဖြင့် စိုက်ဧက ၁၃ ဧက၊ အလွတ်စိုက်ကွက် ဧက ၇၀ စုစုပေါင်းစိုက်ဧက ၁၀၆ ဧကရှိပြီး စတော်ဘယ်ရီ၊ ဘယ်ရီ၊ ဖရဲ၊ ဖရုံ၊ ကြက်သွန်၊ အာလူး၊ ဂေါ်ဖီ၊ ဆလတ်၊ မုန်လာဥနီ၊ မြေပဲ၊ စပါး၊ ပန်းဂေါ်ဖီ စသည့် သီးနှံမျိုးပေါင်း ၂၀ ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် ၂၄၀၀ မီတာစကွဲယားရှိ Green House နှစ်ရုံ၊ ၁၅၀၀ မီတာစကွဲယားရှိ Green House တစ်ရုံ စုစုပေါင်း သုံးရုံရှိပြီး ဥရောပမျိုးခုနစ်မျိုးဖြစ်သည့် စတော်ဘယ်ရီပင် ၇၅၀၀ ကို Green House-1 တွင် စမ်းသပ်စိုက်ပျိုးထားကြောင်း၊ ဥရောပမျိုးခုနစ်မျိုးဖြစ်သည့် ဘယ်ရီပင် ၈၄၀ ကို အလွတ်စိုက်ကွက်တွင် စမ်းသပ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ရန်ကင်းကလေးဆေးရုံကြီး၌ ကလေးများပျော်ပွဲရွှင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကင်းကလေးဆေးရုံကြီး (ရန်ကုန်)နှင့် မြန်မာမဂ်လာမီဒီယာနှင့် ယဉ်ကျေးမှု အနုပညာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကလေးများပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကင်းကလေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ရန်ကင်းကလေး ဆေးရုံကြီးမှာ ဆေးကုသမှုခံယူနေတဲ့ ကလေးတွေကို စိတ်ပျော်ရွှင်မှုတွေ၊ ကျန်းမာမှုတွေ အားလုံးကို အထောက်အကူဖြစ်စေဖို့အတွက် ကလေးတွေစိတ်ဓာတ်ခွန်အားတွေ မြှင့်တင်ပေးဖို့ရည်ရွယ်ချက်နဲ့ ကျွန်မတို့အနေနဲ့ ကလေးတွေအတွက် ပျော်ပွဲရွှင်ပွဲလေးလုပ်တာ ဖြစ်ပါတယ်။ ကျွန်မတို့ ရန်ကင်းကလေးဆေးရုံကြီးမှာ တခြားပျော်ပွဲရွှင်ပွဲလုပ်တဲ့ အစီအစဉ်တွေလည်းရှိပါတယ်။ ရန်ကင်းကလေးဆေးရုံကြီးအနေနဲ့ ဒီလိုပွဲလုပ်တာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှု အနုပညာအဖွဲ့က ကျွန်မတို့ ရန်ကင်းကလေးဆေးရုံကြီးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာပါ။ တရုတ်နိုင်ငံမှာ နှလုံးရောဂါခွဲစိတ်ကုသဖို့သွားတဲ့ ကလေး ၁၂ ယောက် ပြန်ရောက်ပါပြီ။ ၁၂ ယောက်လုံးလည်း အခြေအနေတွေ ကောင်းမွန်ပါတယ်။ ကုသမှုလည်းအောင်မြင်ပါတယ်။ ဒုတိယအသုတ်ထပ်လွှတ်ဖို့လည်း အစီအစဉ်ရှိပါတယ်။

ဒါကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ မွေးရာပါနှလုံးရောဂါသည် ကလေးတွေအတွက်လည်း ကျွန်မတို့ရန်ကင်းဆေးရုံကြီးမှာ ခွဲစိတ်ကုသမှုတွေ လုပ်ပေးနေပါတယ်။ ခွဲစိတ်ကုသဆရာဝန်တွေ၊ နှလုံးအထူးကုဆရာဝန်တွေက ဒီမှာခွဲစိတ်ကုသပေးနေသလို နိုင်ငံခြားအဖွဲ့အစည်းတွေကလည်း ကျွန်မတို့ဆီမှာရှိတဲ့ အထူးကုဆရာဝန်တွေနဲ့ ပူးပေါင်းပြီး ကုသပေးနေတာ ကလေးအယောက် ၁၀၀၀ ကျော် ရှိနေပါပြီ"ဟု ရန်ကင်းကလေးဆေးရုံ အုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဆေးရုံအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော ကလေးလူနာများနှင့် တရုတ်နိုင်ငံ၌ နှလုံးခွဲစိတ်ကုသမှုခံယူပြီး ပြန်လည်ရောက်ရှိလာသည့် မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးများအား အမှတ်တရလက်ဆောင် အရုပ်များနှင့် မုန့်များပေးအပ်ခြင်း၊ ယဉ်ကျေးမှုအနုပညာအဖွဲ့မှ ကလေးများ ပျော်ရွှင်စေရန်အတွက် အနုပညာ အကအလှများ၊ မြန်မာ့ရိုးရာ ခြင်းလုံး အလှခတ်ခြင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

(အေးမင်းသူ)



**✻ မြန်မာနိုင်ငံမှ**

အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက မြန်မာနိုင်ငံတွင် ၂၀၁၅-၂၀၁၆ ခုနှစ်က ကောက်ယူခဲ့သော ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များအရ ငါးနှစ်အောက်ကလေးသေဆုံးမှုသည် အရှင်မွေး ၁၀၀၀ တွင် ၅၀ သေဆုံးနေကြောင်း သိရှိရ၍ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှုသည် မြင့်မားနေသေးကြောင်း၊ ၂၀၀၁-၂၀၀၅ ခုနှစ်အတွင်း၌ ကလေးသေဆုံးမှုသည် အရှင်မွေး ၁၀၀၀ တွင် ၁၀၃ ဖြစ်သောကြောင့် ၂၀၁၁-၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ခဲ့ကြောင်း၊ ကလေးသေဆုံးမှုအခြေအနေကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်သောအခါ ငါးနှစ်အောက်ကလေးသေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းသည် မွေးကင်းစကလေးသေဆုံးမှုဖြစ်ပြီး မွေးပြီး ၂၄ နာရီအတွင်း သေဆုံးမှုသည် အများဆုံးဖြစ်သောကြောင့် မွေးကင်းစကလေးကျန်းမာရေးကို အထူးအလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သေဆုံးသောအကြောင်းရင်း အများစုမှာ ကာကွယ်တားဆီး၍ရသော အကြောင်းရင်းများဖြစ်ပြီး လမစေ့ခြင်း၊ ကိုယ်အလေးချိန် မပြည့်ခြင်းတို့ကြောင့်သေဆုံးမှုသည် ၃၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကလေးများသည် နေမကောင်းဖြစ်သောအခါ ရောဂါတစ်ခုတည်းမဟုတ်ဘဲ အခြားရောဂါများလည်း ရှိနေတတ်သဖြင့် ၁၉၉၈ ခုနှစ်မှစပြီး မကျန်းမာသောကလေးအား ပေါင်းစည်းကုသခြင်းနည်းဗျူဟာကို စတင်ဆောင်ရွက်ခဲ့ပြီး အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နောက်ဆုံးပေါ်ကုသရေးနည်းပညာများနှင့်အညီ ပြောင်းလဲပြုပြင်ခဲ့ကြောင်း၊ မွေးကင်းစကလေးနှင့် ကလေးကျန်းမာရေးကဏ္ဍများအပြင် အခြားသောကျန်းမာရေးကဏ္ဍများ တိုးတက်လာစေရန် ယခုအစိုးရသစ်လက်ထက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လူတိုင်းလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲမရှိရယူနိုင်ရန်ရည်ရွယ်ပြီး အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ ကို ရေးဆွဲခဲ့ပြီး ပြည်သူအားလုံးအတွက် အခြေခံကျသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် နေရာဒေသမရွေး ပေးစွမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးစီမံကိန်း၌ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သောကြောင့် ငါးနှစ်အောက်ကလေးသေဆုံးမှုလျှော့ချရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများကို အထောက်အပံ့ပေးရန်၊ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်တို့သည် အရေးကြီးပါကြောင်း၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရာ၌ ယခင်ကကဲ့သို့ သီအိုရီ၊ သင်ခန်းစာများကိုဦးစားပေးမည် မဟုတ်ဘဲ Neonatalie, Prenatalie နှင့် Mamabreas စသည့် simulator များကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအား ကျွမ်းကျင်စွာပေးနိုင်ရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အခြေခံကျသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေးမည့် အမျိုးသားကျန်းမာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ မွေးပြီး ၂၄ နာရီ မွေးကင်းစကလေး ပြုစုစောင့်ရှောက်မှု၊ သေးငယ်သောကလေးပြုစုစောင့်ရှောက်မှုနှင့် မကျန်းမာသော ငါးနှစ်အောက်ကလေး ပေါင်းစည်းကုသခြင်းများသည် အရေးပါသောလုပ်ငန်းရပ်များဖြစ်ကြောင်း အဆိုပါ လုပ်ငန်းရပ်များသည် မွေးကင်းစကလေးအပါအဝင် ငါးနှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးအတွက် များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်များမှ ကလေးကျန်းမာပညာဌာန၊ မွေးကင်းစကလေးပညာဌာနနှင့် သားဖွားမီးယပ်ပညာဌာနများမှ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ မွေးကင်းစကလေးအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ USAID အဖွဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် Ethnic Health Organization မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

(နိုင်လင်းကြည်)

# ဗီယက်နမ်နှင့် စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ ရရှိခြင်းအတွက် သမ္မတထရန့် ချီးကျူး

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံအကြား ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ ရရှိခြင်းနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်လ်ထရန့်က ထုတ်ဖော်ချီးကျူးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သို့ရောက်ရှိနေသော ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွန်ဖတ်သည် မေ ၃၁ ရက်က အိမ်ဖြူတော်၌ သမ္မတထရန့်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အမေရိကန်နှင့် ဗီယက်နမ်အကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၁၃ ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်များမှာ ဒေါ်လာရှစ်ဘီလီယံအကျုံးဝင်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၌ အလုပ်အကိုင်နေရာ ၂၃၀၀၀ ကျော် ဖန်တီးပေးနိုင်ရန် အထောက်အကူပြုမည့်လုပ်ငန်းများနှင့်ပတ်သက်၍လည်း ဒေါ်လာသုံးဘီလီယံ အကျုံးဝင်သည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ကြေညာသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လေယာဉ်အင်ဂျင်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်လုပ်ငန်းများဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ အမေရိကန် ဂျင်နရယ်အီလက်ထရစ်(ဂျီအီး)ကုမ္ပဏီနှင့်သက်ဆိုင်နေသော ဒေါ်လာ ၅ ဒသမ ၅၈ ဘီလီယံအကျုံးဝင်သည့် သဘောတူညီချက်များလည်း ပါဝင်ကြောင်း၊ ဗီယက်နမ်သို့ အမေရိကန် ဂျီအီးကုမ္ပဏီက ထုတ်ကုန်ပစ္စည်းများ ရောင်းချပေးမှုများအနက် အကြီးကျယ်ဆုံး လုပ်ဆောင်ချက်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။



ဗီယက်နမ်က အမေရိကန်ထံမှ အလုံးအရင်းအလိုက် ထုတ်ကုန်များဝယ်ယူရန် စီစဉ်နိုင်ခြင်းဖြင့် အမေရိကန်၌ အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သမ္မတထရန့်က အိမ်ဖြူတော်တွင် သတင်းထောက်များအား ပြောကြားသည်။

ကွန်မြူနစ် ဗီယက်နမ်သည် မိမိတို့အတွက် စစ်အေးရန်သူနိုင်ငံတစ်နိုင်ငံမဟုတ်တော့ဘဲ အာရှ-ပစိဖိတ်ဒေသရှိ အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာပြီဖြစ်ကြောင်း ထရန့်က ပြောကြားသည်။

**ရိုက်တာ။**



# ဖိလစ်ပိုင်လေတပ်က သူပုန်အဖွဲ့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာတွင် ပစ်မှတ်လွဲချော်မှုကြောင့် အစိုးရတပ်သား ၁၁ ဦးသေဆုံး

**မနီလာ ဇွန် ၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့အား သိမ်းယူထားသည့် အစ္စလာမ့်စ်အစွန်းရောက်သူပုန်တပ်ဖွဲ့အား ဖိလစ်ပိုင်လေတပ်က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာတွင် အစိုးရတပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ယနေ့တွင်ပြောကြားသည်။

မာရာဝီမြို့အား သူပုန်များက သိမ်းယူမှုသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံအတွက် အဆိုးရွားဆုံး လုံခြုံရေးပြဿနာတစ်ရပ်လည်း ဖြစ်သည်။

ဖိလစ်ပိုင်လေတပ်မှ လေယာဉ်နှစ်စင်းသည် မာရာဝီမြို့လယ်ပိုင်းရှိ သူပုန်များသိမ်းယူထားရာ ဒေသသို့ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း လေယာဉ်တစ်စင်းက ကြဲချသော ဗုံးသည် ပစ်မှတ်လွဲချော်ကာ အစိုးရတပ်ဖွဲ့ဝင်များ ရှိနေသော နေရာပေါ်သို့ ကျရောက်ခဲ့ကြောင်း၊ သူပုန်များ ခိုအောင်းနေသော အဆောက်အအုံများအား အစိုးရတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲတိုက်ခိုက်လာမှု ကိုးရက်ကြာမြင့်ချိန်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

မာရာဝီမြို့အတွင်း ခိုအောင်းနေသည့်သူပုန်များအနေဖြင့် မြေပြင်တပ်ဖွဲ့များ၏ထိုးစစ်ဆင်မှုနှင့် ရဟတ်ယာဉ်များ၏ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုအား ဖိဆန်အာခံနေခြင်းအပေါ် အကြွင်းမဲ့ဖယ်ရှားပစ်ရန် ရည်ရွယ်ချက်ဖြင့် ဖိလစ်ပိုင်လေတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်မှုကို စတင်ပြုလုပ်ခဲ့သည်။

ဖိလစ်ပိုင်လေတပ်မှလေယာဉ်တစ်စင်းက အစိုးရတပ်ဖွဲ့ဝင်များအား ဗုံးကြဲတိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်မှာ မတော်တဆဖြစ်ရပ်သာဖြစ်ပြီး မိမိတို့ကြေကွဲဝမ်းနည်းမှုဖြစ်ရကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် ဒဲလ်ဖင်လိုရန်ဇာနာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

# တောင်ကိုရီးယား ဝန်ကြီးချုပ်ရာထူးအတွက် လီနက်ခ်ယွန်အား လွှတ်တော်က အတည်ပြု

**ဆိုးလ် ဇွန် ၁**

တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ဝန်ကြီးချုပ် ရာထူးနေရာအတွက် သမ္မတမွန်ဂျေအင် ရွေးချယ်ထားသူ လီနက်ခ်ယွန်အား ထပ်ဆင့်ထောက်ခံအတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

မေ ၃၁ ရက်တွင် လီနက်ခ်ယွန်အား ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်ထားမှုကို လွှတ်တော်အမတ်များ၏ ဆန္ဒမဲပေးခြင်းဖြင့် ဆုံးဖြတ်ခဲ့ရာ ထောက်ခံသူဆန္ဒမဲအရေအတွက်များသည့်အတွက် လီနက်ခ်ယွန်အား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

လီနက်ခ်ယွန်သည် ဂျီအိုလာစီရင်စုတောင်ပိုင်း၏ အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်သည်။ Dong-A Ilboသတင်းစာတွင် အလုပ်လုပ်ခဲ့ပြီး တိုကျိုမြို့၏ တာဝန်ခံသတင်းထောက်တစ်ဦးလည်း ဖြစ်ခဲ့သည့်အပြင် ဥပဒေပြုသူတစ်ဦးအဖြစ်လည်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လီနက်ခ်ယွန်သည် ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်မှုကို မြှင့်တင်ပေးသည့် ဥပဒေပြုအဖွဲ့တစ်ဖွဲ့၏ ဒုတိယအကြီးအကဲဖြစ်သည့် အတွင်းရေးမှူးချုပ် ရာထူးတာဝန်ကို ထမ်းရွက်လျက်ရှိသည်။

အဓိကအတိုက်အခံပါတီတစ်ခုဖြစ်သည့် ကိုရီးယားအမျိုးသားလွတ်မြောက်ရေးပါတီ၏ ဥပဒေပြုအမတ် ၁၀၀ ကျော်က လီနက်ခ်ယွန်အား ဝန်ကြီးချုပ်ရာထူးခန့်အပ်ခြင်းကို ဆန့်ကျင်ခဲ့ကြသည်။ လီနက်ခ်ယွန်အနေဖြင့် အခွန်ရှောင်ခြင်း၊ စစ်မှုထမ်းခြင်းဥပဒေကို သူ့သားက ဖောက်ဖျက်တိမ်းရှောင်ခြင်းတို့ဖြင့် စွပ်စွဲဝေဖန်ခြင်းခံနေရသည်။

အစိုးရအဖွဲ့ဝင်များအား ရာထူးခန့်အပ်မှုတွင် လွှတ်တော်၏ ထောက်ခံအတည်ပြုခြင်းက အဓိကမကျသော်လည်း အချို့သောရာထူးနေရာများကို လွှတ်တော်တွင် ဆန္ဒမဲခံယူပြီး ဆုံးဖြတ်လေ့ရှိကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးခန့်အပ်မှုနှင့်ပတ်သတ်ပြီး ကန်ကျောင်းဝှာသည် ရေပန်းအစားဆုံးသော ရွေးချယ်ခံထားရသူဖြစ်သည်။ သို့သော် သူ့သမီး၏ ကျောင်းအပ်နှံမှုအတွက် ဝင်ခွင့်ပုံစံလျှောက်လွှာတင်သွင်းရာတွင် မိမိကြိုက်နှစ်သက်သည့် အခြေခံပညာကျောင်းကို ရွေးချယ်တက်ရောက်နိုင်ရေးအတွက် နေရပ်လိပ်စာ မှားယွင်းစာရင်းသွင်းမိခြင်းနှင့် ပတ်သက်ပြီး ဝေဖန်မှုများမြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**



တောင်ကိုရီးယား ဝန်ကြီးချုပ်သစ် လီနက်ခ်ယွန်။

# စီ-၉၁၉ အမျိုးအစားလေယာဉ်ကို အီးယူက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဂျာမနီအား တရုတ် တိုက်တွန်း

**ဘာလင် ဇွန် ၁**

တရုတ်နိုင်ငံလုပ် စီ-၉၁၉ အမျိုးအစားခရီးသည်တင် ဂျက်လေယာဉ်ကို ဘေးကင်းလုံခြုံစွာ ခရီးစဉ်ပျံသန်းနိုင်သော လေယာဉ်အဖြစ် ဥရောပသမဂ္ဂ(အီးယူ)က အသိအမှတ်ပြု လက်မှတ်ထုတ်ပေးလာစေရေးအတွက် ဂျာမနီနိုင်ငံက အကူအညီပေးရန် တရုတ်ဝန်ကြီးချုပ် လီခချန်းက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း တိုက်တွန်းပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ဂျာမနီ အစိုးရအဖွဲ့ အကြီးအကဲများ၏ နှစ်ပတ်လည် အစည်းအဝေးတက်ရောက်ရန် ဘာလင်မြို့သို့ ရောက်ရှိနေသော ဝန်ကြီးချုပ်လီသည် တရုတ်နိုင်ငံလုပ် ခရီးသည်တင်ဂျက်လေယာဉ်အား အီးယူက ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးလာစေရေးအတွက် ဂျာမနီနိုင်ငံက အကူအညီပေးရန် ဝန်ကြီးချုပ် မာကဲလ်အား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်လက စီ-၉၁၉ အမျိုးအစားခရီးသည်တင်ဂျက်လေယာဉ်ကို ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှု စမ်းသပ်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့မြို့ပြလေကြောင်းဈေးကွက်သို့ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အဆင့်မြင့်နည်းပညာဖြင့် ကုန်ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်ရန်လည်း ရည်ရွယ်ဆောင်ရွက်နေချိန်တွင် အဆိုပါအမျိုးအစားဂျက်လေယာဉ်အား ဘေးကင်းလုံခြုံစွာ ခရီးစဉ်ပျံသန်းနိုင်သော လေယာဉ်အဖြစ် အီးယူက အသိအမှတ်ပြုလာရေးမှာအရေးကြီးကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဆိုပါသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ နည်းပညာများဖလှယ်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိနိုင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စုစည်းမှုမရှိသော အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းမှ စနစ်တကျ လုပ်ဆောင်သော စီးပွားရေးလုပ်ငန်းသို့ ကူးပြောင်းခြင်းဆိုင်ရာ တိုက်တွန်းချက်အမှတ်(၂၀၄) မှတ်တမ်း တင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၅ ခုနှစ် ဇွန်လမှာ ကျင်းပခဲ့သည့် (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက စုစည်းမှုမရှိဘဲ အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းများအသွင်သဏ္ဌာန်မျိုးစုံနှင့် ပေါ်ပေါက်လာမှုများပြားလာခြင်းသည် လုပ်ငန်းခွင်တွင် အခြေခံစည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အရေးများ အပါအဝင် အလုပ်သမားများ၏ အခွင့်အရေးများအတွက်လည်းကောင်း၊ လူမှုကာကွယ်စောင့်ရှောက်မှု၊ သင့်တင့်မျှတသည့် လုပ်ငန်းခွင်အခြေအနေများ၊ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် သော်လည်းကောင်း အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အပြင် ရေရှည်စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့အခွန်ဘဏ္ဍာများ၊ အဖွဲ့အစည်းများခိုင်မာမှု၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ၌ မျှမျှတတယှဉ်ပြိုင်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်းပြီး အစိုးရများ၏ လုပ်ကိုင်ဆောင်ရွက်မှုနယ်ပယ်တို့အပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုရှိကြောင်းကို အသိအမှတ်ပြုလျက်



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

၎င်းတိုက်တွန်းချက်အမှတ်(၂၀၄) ကို အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက အတည်ပြုချမှတ်ခဲ့သည့် စုစည်းမှုမရှိသော အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းမှ စနစ်တကျ လုပ်ဆောင်သော စီးပွားရေးလုပ်ငန်းသို့ ကူးပြောင်းခြင်းဆိုင်ရာ တိုက်တွန်းချက်အမှတ်(၂၀၄) ကို ILO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးသင့်ပါကြောင်း တင်ပြသည်။

စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် တိုက်တွန်းချက်အမှတ်(၂၀၄) မှတ်တမ်းတင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းတို့က ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်လိုသည့်အခန်း၊ ပုဒ်မများ၊ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ အဓိပ္ပာယ်ပြဋ္ဌာန်းလိုသည့် အချက်များနှင့် အသစ်ပြဋ္ဌာန်းလိုသည့် အချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့က ဥပဒေကြမ်း၏ ပြင်ဆင်လိုသည့် အခန်း၊ ပုဒ်မများ၌ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၇)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ မိမိတို့နိုင်ငံ၏ ကြွေးမြီစုစုပေါင်းမှာ ငွေကျပ် ၂၇၉၇၀ ဘီလီယံရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် အစိုးရသည် ချေးယူခွင့်ပြုထားသည့်ပမာဏထက် အစီရင်ခံစာပါ ပြည်တွင်းပြည်ပကြွေးမြီချေးယူထားမှုသည် ငွေကျပ် ၁၈၆၈ ဘီလီယံကျော် ချေးယူထားသည်ကို တွေ့ရှိရသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်တွင်းပြည်ပ ချေးငွေရယူမှုကို ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သည်ကို အကြံပြုလိုပါကြောင်း၊ နောင်တင်ပြလာမည့် ချေးငွေဆိုင်ရာအစီရင်ခံစာများတွင်လည်း ချေးငွေတစ်ခုချင်းစီအလိုက် လွှတ်တော်ကိုယ်စားလှယ်များ မှန်မှန်ကန်ကန် သုံးသပ်အကြံပြုဆွေးနွေးနိုင်စေရန် အချက်အလက်များကို စုံစုံလင်လင် ထည့်သွင်းပေးပါရန် အကြံပြုဆွေးနွေးလိုပါကြောင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရယူခဲ့သော ပြည်တွင်းပြည်ပ ချေးငွေနှစ်ရပ်ပေါင်းမှာ ငွေကျပ် ၅၇၆၀ ဒသမ ၂ ဘီလီယံဖြစ်ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ပြဋ္ဌာန်းချက်အရ ချေးယူခွင့်ပြုထားသည့် ငွေထက် ၁၈၆၈ ဘီလီယံ ပိုမိုချေးယူခဲ့သည်ကို တွေ့ရပါကြောင်း၊ အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကိုကြည့်ပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်တွင်း၊ ပြည်ပ ကြွေးမြီ၊ အစိုးရ၏ ငွေထုတ်ချေးမှုတို့ကို ဖော်ပြထားပါကြောင်း၊ အဓိကအားဖြင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြည်ပကြွေးမြီ လက်ကျန်အမေရိကန်ဒေါ်လာ ၉၅၃၀ ဒသမ ၂၅၂ သန်း ရှိပြီး ပြည်တွင်းကြွေးမြီလက်ကျန် ငွေကျပ် ၁၅၇၂၄ ဒသမ ၄ ဘီလီယံရှိသည်ကို ဖော်ပြထားပါကြောင်း၊ နိုင်ငံတော်၏ ကြွေးမြီ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာနှုန်းထက်မကျော်အောင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘတ်ဂျက်လိုငွေကို ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်တို့ကို ဖော်ပြထားပါကြောင်း၊ အစိုးရ၏ ကြွေးမြီအစီရင်ခံစာမှာ ကိန်းဂဏန်းများ အဓိကစုစည်းဖော်ပြထားသော်လည်း ကြွေးမြီနှင့်ပတ်သက်၍ ကြောင်းကျိုးဖော်ပြချက်၊ လက်တွေ့ဆောင်ရွက်မှု အစီအမံများကို ဖော်ပြထားခြင်းမရှိပါကြောင်း ဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်တို့က ဆွေးနွေးတင်ပြကြသည်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေကျော်လွန်မှုမှာ ရံဖန်ရံခါဖြစ်ပေါ်တတ်ပြီး ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နောင်တွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်သွားရန် လိုအပ်သော ကြိုတင်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာသည် ပထမဆုံးအစီရင်ခံစာဖြစ်သည့်အတွက် အားနည်းချက်များ ပါဝင်နိုင်ပါကြောင်း၊ ၎င်းအားနည်းချက်များကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ထောက်ပြဆွေးနွေးချက်များအရ ပိုမိုကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရန် တစ်နှစ်ထက်တစ်နှစ် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

■

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်းပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဓာတ်ပုံ)**

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာ ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံမှုလမ်းစဉ်ကို ထိရောက်စွာ ဦးတည်ရာတွင် လိုအပ်သော ကောင်းမွန်မှန်ကန်သည့် ကျန်းမာရေးစနစ်လမ်းကြောင်းသစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ စီမံကိန်းဖော်ဆောင်ရာတွင် ကျန်းမာရေးကဏ္ဍတွင်းရှိ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်သူများကို အထူးတလည် ထည့်သွင်းစဉ်းစားထားပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များ ကို ပြည်သူလူထု၊ လူထုအခြေပြု အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (Civil Society Organizations for Health) သည် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သည့် လူမှုတာဝန်ခံခြင်းလုပ်ငန်းစဉ်အတွက် ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်းများမှတစ်ဆင့် ထိန်းကျောင်းပေးနိုင်သဖြင့် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် တည်ဆောက်ပေးပြီး အမျိုးသားကျန်းမာရေးစီမံကိန်းအပေါ် လူထုပါဝင်ပတ်သက်မှုနိုးကြားလာစေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထိရောက်သည့် ဆက်သွယ်မှုဗျူဟာများကို စီမံဖန်တီးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဌာနခွဲများမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။ ညနေပိုင်းတွင် နေပြည်တော်၊ ပြည်နယ်၊ တိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၁၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက်မှ ၂ ရက်ထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**






# ကလေးစာပေပွဲတော်(တောင်ကြီး) ပြင်ဆင်ထားမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ကလေးစာပေပွဲတော် ကျင်းပမည့် တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနားကျင်းပမည့် နေရာ၊ ခန်းမအတွင်းရှိ ဆရာကြီးမင်းသုဝဏ်၏ ဘဝဖြစ်စဉ်မှတ်တမ်းပြခန်း၊ ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သော စာအုပ်များ၊ ကလေးစာဖတ်ခန်း၊ ဂိမ်းကစားမည့်နေရာ၊ အစိုးရကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၏ပြခန်းများ၊ ဌာနဆိုင်ရာ ပြခန်းများ၊ စာပေဟောပြောပွဲကျင်းပမည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်ဖေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# ကလေးစာပေပွဲတော်(တောင်ကြီး)တွင် ပြခန်းများအစုံအလင် ပြသသွားမည်

**တောင်ကြီး ဇွန် ၁**

ကလေးစာပေပွဲတော်(တောင်ကြီး)ကို ဇွန် ၂ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကလေးစာပေများစွာ ရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ သင်ထောက်ကူပစ္စည်းများပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ ဒေသလက်မှုလုပ်ငန်းပြခန်း၊ တောင်ကြီးမြို့ ပညာရေးကောလိပ်၊ တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များက ပူးပေါင်းဖွင့်လှစ်သည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွှေ့လျားစာကြည့်တိုက်ပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသိပညာပေးပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ခင်းကျင်းပြသထားသည့် ပြခန်း၊ ကိုယ်ပိုင်ကျောင်းများမှ ပြသထားသည့် ပညာရေးနှင့် သင်ထောက်ကူပြခန်း၊ တီထွင်ဆန်းသစ်မှုနှင့် ဒေသလက်မှုလုပ်ငန်းပြခန်း၊ သိပ္ပံပြခန်း၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း ပြခန်း၊ မန်းညွန့်စံ သင်ထောက်ကူပြုပြခန်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ခင်းကျင်းထားသည့် ပြခန်းနှင့် U Book Education မှ ခင်းကျင်းပြသထားသည့်ပြခန်းများအပြင် မြန်မာ့ရုပ်သေး အနုပညာဖျော်ဖြေရေးနှင့် မျက်လှည့်ဖျော်ဖြေရေးများကိုလည်း ပွဲတော်ရက်အတွင်း ပွဲတော်လာကလေးများအား ဖျော်ဖြေသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။**(အောင်မင်းဟန်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ | ပညာရွှေအိုး လူမခိုး**

# ကလေးများနှင့် ဆုလက်ဆောင်

**ခင်သီတာညွန့်(အင်းစိန်)**

> **လက်ဆောင်ပေးခြင်းသည် ကလေးတို့အား ချစ်ကြောင်းပြရာတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကလေးနှင့် လက်ဆောင်သည် ခွဲခြား၍မရပေ။ လက်ဆောင်သည် ကလေးများအတွက် တန်ဖိုးကြီးသောအရာတစ်ခုဖြစ်သည်။ လက်ဆောင်မှ ရိုးရိုးလက်ဆောင် မဟုတ်။ အတန်းအသစ်အတွက် ဆုလက်ဆောင်ဖြစ်မည်ဆိုပါက. . .**

နှစ်သစ်ကူးပြောင်း တန်ခူးလအလယ်တွင် အခြေခံပညာကျောင်းများ အောင်စာရင်းထွက်ကြသလို စာမေးပွဲ အောင်သောကလေးများ ပျော်ကြ၊ မိဘတို့အမောပြေရသည့်လ။ ဒါကြောင့်မို့ နောက်တစ်လဖြစ်သည့် မေလမှာ မိဘအများစု မိမိတို့သားသမီးများအတွက် ငွေကုန်ကြေးကျများသောလဖြစ်သည်။ ကျောင်းဝတ်စုံ အင်္ကျီအသစ်များ၊ ကျောင်းသုံးပစ္စည်းများပြင်ဆင်ရ၊ ဝယ်ရသည်ပဲ မဟုတ်ပါလား။

ယခုအခါ အစိုးရအခြေခံပညာကျောင်းများက ကျောင်းဝင်ကြေး၊ ကျောင်းလခများနှင့် ဖတ်စာအုပ်၊ ဗလာစာအုပ်များ အခမဲ့ချီးမြှင့်ပေးသည်ထားဦးတော့။ စီးပွားရေးပညာရှင် Adam Smith ပြောသည့် မမြင်နိုင်သောလက်ကြီး (Invisible hand) က ရှိသေးသည်။ ၎င်းမှာ မဖြစ်မနေဝယ်ယူရသည့် တိုလီမုတ်စများ၊ ကွန်ပါဘူး၊ ထမင်းချိုင့်၊ ခြင်းတောင်း၊ ထီး၊ မိုးကာ၊ မိုးတွင်းဖိနပ် စသဖြင့် တတ်နိုင်သည့် အတိုင်းအတာအရ ဝယ်ပေးကြရသည်ချည်းပင်။

တစ်ချိန်တည်းမှာပင် ကလေးများအတန်းသစ်တက်ရလို့ ပျော်နေမည်။ ပစ္စည်းအသစ်များရလို့ ကျေနပ်နေမည်။ ကျောင်းခန်းသစ် အမြန်ရောက်လိုသည်။ သူငယ်ချင်းအသစ်များကို တွေ့လိုလှသည်။ ကလေးများဘက်က အဆင်သင့်ဖြစ်နေချေပြီ။ ပစ္စည်းအသစ်လေးများဖြင့် ဝမ်းသာမဆုံးတပြုံးပြုံးအချိန်အခါကာလပင်။ အပူအပင်ကင်းသော၊ အပြစ်ကင်းစင်သော၊ ငြိမ်းချမ်းသော ကလေးများဘဝပင်မဟုတ်ပါလား။

သို့သော် မိဘများစိတ်ဖိစီးမှုများသောအချိန်၊ အလုပ်အရှုပ်ဆုံးအချိန်ဖြစ်မည်ထင်သည်။ ငွေကြေးပြည့်စုံသော မိဘများပင် ညည်းညူသံများကထွက်ပေါ်စမြဲ။ ခက်ခဲသောမိဘများ၊ တစ်နေ့လုပ်မှ တစ်နေ့စားရသောသူများဆိုရင်ဖြင့် ပြောဖွယ်ရာမရှိပြီ။ ထို့အတွက်ကြောင့်လည်း မကြာခဏဆိုသလိုပင် မိဘများက ကလေးတို့အား မိမိတို့လိုချင်သောပုံစံကို အတင်းပြောင်းခိုင်းကြသည်။

မိဘများထံမှ ကလေးများ ကြားနေရသည်မှာ "ငါတို့ကတော့ အတတ်နိုင်ဆုံး လုပ်ပေးပြီးပြီ။ ကြိုးစားဖို့သာ နင်တို့တာဝန်"။ တချို့ကမူ "ကြိုးစားကြဦးနော်။ ကျေးဇူးရှင်လေးတွေအတွက် ငွေကုန်များလိုက်တာ" "နင်တို့အချိုးတွေပြင်ကြဦး" " အသိတရားလေးရှိကြဦး" "နင်တို့စာတတ်ဖို့ ငါတို့မှာ ပင်ပန်းလိုက်တာ" စသဖြင့် ကလေးတို့ရဲ့ စိတ်ကူးယဉ်အပျော်လေးများ ရိုက်ချိုးခံရလေပြီ။

လူ၌ ပျော်ရွှင်မှုနှင့် မနှစ်မြို့မှုဟူ၍ နှစ်မျိုးသာ ခံစားရသည်။ မိမိတို့ကလေးများအတွက် ကောင်းစေချင်လွန်းလို့ ကရုဏာ ဒေါသနှင့်ပြောသော်လည်း ကလေးအတွက် ပျော်ရွှင်မှုဖြစ်မလာနိုင်ပါ။ ကလေးဟူသည် မိမိက အမှားလုပ်ခဲ့ရင်တောင်မှ ထိုအမှားကို ကြိုတင်မသိသူ၊ လုပ်ချင်လို့သာလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးများသည် စာရိတ္တမရှိသေးသူများဟု စိတ်ပညာရှင်များက ဆိုကြသည်။

ဒါကြောင့်မို့ လူကြီးကစိတ်ဆိုးပါက ရိုက်နှက်ဆူပူပါက ခံရဖို့သာရှိသူမှာ ကလေးများပင်မဟုတ်ပါလား။ ကလေးက သူ့အလိုလိုပြုပြင်မည်မဟုတ်ပေ။ ထိုအခါ မိဘလုပ်သူက ကလေးက မိမိတို့အပေါ် အရွဲ့တိုက်နေသည့်အလား၊ နားကောက်သည့်အသွင်မြင်ကာ ပို၍ဒေါသထွက်စရာဖြစ်မည်။

ထိုသို့ဆိုသော် ကလေးများအား မည်သို့ကိုင်တွယ်ရမည်နည်း။ မည်သို့သွန်သင်ရမည်နည်း။ မည်သို့ လမ်းပြရမည်နည်း။ ကလေး၏ အစပြုလိုအပ်ချက်မှာ မေတ္တာပင်ဖြစ်သည်။ မိဘများက ပြုလုပ်ရမည့် အကောင်းဆုံးနည်းလမ်းမှာ မေတ္တာဖြင့်ဆွဲဆောင်ခြင်း၊ မေတ္တာဖြင့် ပြုပြင်ခြင်းဖြစ်သည်။ မိဘများက ကလေး၏အားနည်းချက်ကို တွေ့သည့်အခါ ကလေး၏ ကောင်းသောအချက်ကို မြင်တတ်ပြီး ထုတ်ဖော်ဖို့ လိုအပ်ပါသည်။

မိဘများ ကျောင်းဖွင့်ချိန်၌ ငွေအကုန်အကျများလို့ ဗျစ်တောက်ဗျစ်တောက်များအစား "သားတို့ သမီးတို့ရေ အတန်းသစ်တက်လို့ အဖေတို့ အမေတို့က ပစ္စည်းအသစ်လေးတွေကို ဆုချတာ။ ဒီဆုလက်ဆောင် အသစ်လေးတွေနဲ့ လာမယ့်နှစ်မှာ မနှစ်ကထက် အဆပေါင်းများစွာ ကြိုးစားကြည့်ပါ။ သမီးကြိုးစားနိုင်ပါတယ်။ သားလုပ်နိုင်ပါတယ်။ ရှေ့နှစ်ရောက်ရင် ဒီထက်မကဆုချဦးမှာ" လို့ပြောကြည့်စေချင်ပါတယ်။

ကလေးများ ချစ်မေတ္တာလိုအပ်ပါသည်။ သူတို့ကိုချစ်ကြောင်း သိချင်ကြသည်။ ချစ်ခြင်းမေတ္တာနှင့် လုံခြုံမှုသည် သူတို့၌ဒွန်တွဲလျက်ရှိသည်။ မိဘများထံမှ ချစ်မေတ္တာရလေလေ မိမိကိုယ်ကို ယုံကြည်မှုရှိလာလေလေဖြစ်သည်။ သူတို့ကိုယ်တိုင် စိတ်ပါလက်ပါ စာရိတ္တပိုင်း၊ စည်းကမ်းပိုင်း၊ ပညာပိုင်းမှာ ကြိုးစားအားထုတ်လာလေလေဖြစ်မည်။ ထို့ကြောင့် အခြေခံပညာရေးဦးတည်ချက်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖြစ်သည်။ ကလေးများ သူတို့၏တန်ဖိုးကို ငယ်စဉ်ကတည်းကရဖို့ လိုအပ်ပါသည်။ ကျောင်း၌တန်ဖိုးရှိသော ကျောင်းသူကျောင်းသားလေးများ၊ အိမ်၌တန်ဖိုးရှိသော ကလေးများဖြစ်နေရပါမည်။ ထိုတန်ဖိုးများကို လူကြီးမိဘများ၊ ဆရာသမားများက အစဉ်သဖြင့် ဖော်ထုတ်ပေးနေကြရပါမည်။

ကလေးများကို ချစ်ခင်မှုဖြစ်စေသော ဘာသာရပ်ငါးမျိုးတွင်-

၁။ ခိုင်ခိုင်မာမာအတည်ပြုပြောဆိုပေးခြင်း၊

၂။ အချိန်ပေးခြင်း၊

၃။ လက်တွေ့လုပ်ကိုင်ပေးခြင်း၊

၄။ ထိတွေ့ချစ်ခင်ကြင်နာမှုပြုခြင်း၊

၅။ လက်ဆောင်ပေးခြင်းတို့ အတိအလင်းပါဝင်ပါသည်။

ထို့ကြောင့် လက်ဆောင်ပေးခြင်းသည် ကလေးတို့အား ချစ်ကြောင်းပြရာတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကလေးနှင့် လက်ဆောင်သည် ခွဲခြား၍မရပေ။ လက်ဆောင်သည် ကလေးများအတွက် တန်ဖိုးကြီးသောအရာတစ်ခုဖြစ်သည်။ လက်ဆောင်မှ ရိုးရိုးလက်ဆောင်မဟုတ်။ အတန်းအသစ်အတွက် ဆုလက်ဆောင် ဖြစ်မည်ဆိုပါက ကလေးများယုံကြည်မှုရလျက်၊ အားပေးခြင်းခံရ၍ အားပြည့်လျက် စိတ်ကျန်းမာသော၊ လုံခြုံမှုပြည့်ဝသော ကလေးများအဖြစ် သူ့အလိုအလျောက် ရှေ့သို့တက်လှမ်းကာ ဆက်၍ဆက်၍ ကြိုးစားသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# “အရှုံးခံနေရသော လျှပ်စစ်ဓာတ်အားခ” အပေါ်တင်ပြချက်

**အိုင်အီကို**

(၂၀-၅-၂၀၁၇)ရက်ထုတ် ကြေးမုံသတင်းစာတွင် ကျော်ကျော်လှိုင် (SMART)ရေးသားသော အထက်အကြောင်းအရာပါ ဆောင်းပါးကိုဖတ်ရှုခဲ့ရပါသည်။ များစွာလည်း စိတ်မကောင်း ဖြစ်ရပါသည်။ တစ်ဖက်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ၊ အခြားတစ်ဖက်က ဓာတ်အားသုံးစွဲသူ ပြည်သူများ၊ ဒီထဲတွင် ဓာတ်အားလုံးဝမသုံးရသေးသော ပြည်သူကအများစု၊ စာရင်းအရ ၃၇ ရာခိုင်နှုန်းသာ ဓာတ်အားသုံးစွဲနိုင်သေးကြောင်း သိရသဖြင့် ကျန်သူ ၆၃ ရာခိုင်နှုန်းအတွက် ပို၍ စိတ်မကောင်းဖြစ်ရပါသည်။

နှစ်စဉ် ကျပ် ဘီလီယ ၃၀၀ ကျော် အရှုံးခံနေရကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားခဈေးနှုန်းဖြင့် နှိုင်းယှဉ်၍ လက်ရှိဈေးနှုန်းကို မြှင့်တင်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးလာမည်။ လျှပ်စစ်ဓာတ်အားအရည်အသွေးပြည့်ပြီး အလုံအလောက်ပေးလာနိုင်မည်ဖြစ်သဖြင့် ပြည်သူများ ကောင်းကျိုးရလာမည်ဖြစ်ကြောင်း အဆုံးသတ်ထားသည်ကိုတွေ့ရပါသည်။

စာရေးသူဆောင်းပါးရှင် တင်ပြချက်မှာ အလွန်ကောင်းပါသည်။ သို့သော် ကျွန်တော်တို့နိုင်ငံ၏ လက်တွေ့အခြေအနေမှာ ဆောင်းပါးရှင်ပြောသလို ဈေးနှုန်းလေးတိုးလိုက်ရုံနှင့် အရှုံးသက်သာသွားမည်မှာမှန်သော်လည်း အရည်အသွေးကောင်းဖို့၊ ရင်းနှီးမြှုပ်နှံသောလုပ်ငန်းကြီးများအား အာမခံဖို့ လျှပ်စစ်မရသေးသောဒေသများ လျှပ်စစ်ရဖို့ ဖြစ်နိုင်၊ မဖြစ်နိုင် သေသေချာချာစဉ်းစားဖို့လိုပါမည်။

ကျွန်တော်တို့နိုင်ငံ၏ လျှပ်စစ်အခြေအနေမှာ မနေ့တစ်နေ့ကမှ ဖြစ်ပေါ်လာသော ပြဿနာမဟုတ်ပါ။ ၁၉၆၀ ခုနှစ်ကျော်ကတည်းကစပြီး မဟာဗျူဟာ၊ နည်းဗျူဟာ စနစ်တကျ ချမှတ်ခြင်းရှိသည်ပြောလည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုမရှိသည်ကစ၍ ပြောရမည်ဖြစ်ပါသည်။ ယခုအခါ သာမန်စီမံကိန်းလေးချရုံ၊ ချွတ်ယွင်းသည့်နေရာလေး ပြုပြင်လိုက်ရုံနှင့် ရှေ့လည်းမတိုးနိုင်၊ တွန်းကန်ထားရသည့် အနေအထားမျိုးဖြစ်နေပါသဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော စေတနာအရင်းခံပြီး အလုပ်လုပ်နေသူများကို ယင်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုအခက်အခဲများအပေါ် များစွာကိုယ်ချင်းစာမိပါသည်။ ယခုအများပြောသလို အရှုံးပေါ်မည့်ကိစ္စကို ဈေးနှုန်းတင်လိုက်ရုံဖြင့် အဖြေမဟုတ်သေးပါ။

ယာယီကုစားခြင်းသာ ဖြစ်ပါမည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်လည်း နည်းလမ်းပေါင်းများစွာရှိပါသည်။ ဥပမာ သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေး၊ ရေအား၊ နေရောင်ခြည်၊ လေအား၊ ဈူကလီးယားစသဖြင့် မည်သည့်ဒေသတွင် မည်သည့်စက်အမျိုးအစား တည်ဆောက်သင့်ပုံ၊ လျှပ်စစ်နေရာတွင် LPG၊ ထင်း၊ မီးသွေး၊ လောင်စာတောင့် စသည်များ အစားထိုးနိုင်ခြင်း ရှိ၊ မရှိ၊ ပုဂ္ဂလိကကုမ္ပဏီများကိုလုပ်ငန်းအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ (IPP)စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ၊ နယ်စပ်တစ်လျှောက်ရှိ နိုင်ငံအချို့မှ လျှပ်စစ်ဝယ်ယူပြီး ပူးပေါင်း၍ ဖြစ်စေ၊ မိမိတို့ကိုယ်ပိုင်ဖြစ်စေ လုပ်ရန်ဖြစ်နိုင်စွမ်းရှိ၊ မရှိ၊ ဒေသဆိုင်ရာအဖွဲ့အစည်း ပြည်သူများ၏ သဘောထားစသည်တို့ကို တစ်ဖက်ကတွက်ချက်၊ အခြားတစ်ဖက်ကလည်း ဒေသအသီးသီးတွင် နမူနာကောက်ယူသည့်နည်း (Survey based on Sampling Method) ဖြင့် မေးခွန်းများ၊ ပုံစံများဖြင့် လိုအပ်သော အချက်အလက်များ ကောက်ယူသည့် နည်းလမ်းများဖြင့် တတ်နိုင်သမျှ လုပ်နိုင်သမျှ သတင်းအချက်အလက်များ ရယူစုဆောင်းထားရန် လိုပါမည်။

**မြန်မာပြည်တစ်ခုလုံး၏ Energy balance တစ်ခုရေးဆွဲပြီး ပါဝင်ပတ်သက်မည့်ဌာနများ၊ ဥပမာ သဘာဝဓာတ်ငွေ့၊ ဒီဇယ်ဆီ အပြည့်အဝရရှိရန် စွမ်းအင်လျှပ်စစ်၊ ထင်း၊ မီးသွေး အတွက် သစ်တော၊ ကျောက်မီးသွေးအတွက် သတ္တုတွင်း၊ လေအားအတွက် မိုးလေဝသ၊ ရေအားအတွက် ဆည်မြောင်း၊ ရေကြောင်း စသည်ဖြင့် ဌာနပေါင်းစုံ ပါဝင်အဖြေရှာဖို့လည်း လိုအပ်. . .**

ဝန်ကြီးဌာနအနေဖြင့် လိုအပ်သမျှ အချက်အလက်များ စုဆောင်း၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း ပြန်လည်သုံးသပ်ဖို့လိုပါသည်။ ဥပမာ ကုန်ကျစရိတ်များသည် အမှန်တကယ်ကုန်ကျသင့် ကုန်ကျထိုက်သည့် စရိတ်များ ဟုတ်၊ မဟုတ်၊ ပစ္စည်းများ၏ အရည်အသွေးများပြည့်မီမှုရှိ၊ မရှိ၊ ပစ္စည်းတစ်ခုနှင့်တစ်ခု တွဲဖက်အသုံးပြုနိုင်ခြင်းရှိ၊ မရှိ၊ သာမန် ငွေလုံးငွေရင်း ကုန်ကျစရိတ်များကို အဖွဲ့များဖွဲ့လျက် စစ်ဆေးစေခြင်း၊ ဝင်ငွေဘက်တွင်လည်း ရရှိလာသော ဝင်ငွေ၊ ရရှိရမည်ဖြစ်ပြီး ဝင်မလာသောဝင်ငွေ၊ ဝင်ငွေတိုးရန် ဈေးနှုန်းမြှင့်ခြင်း နည်းတစ်နည်းကိုသာ လွယ်လွယ်ကူကူနည်းလမ်းအဖြစ်မသတ်မှတ်ဘဲ လျှပ်စစ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သော ယခုထုတ်လုပ်နေသော လျှပ်စစ်ဓာတ်အားသည် စက်ဝယ်ယူစဉ်က စာချုပ်များပါ ထွက်ရှိရမည့် အရေအတွက် ယူနစ်အတိုင်း ထွက်၊ မထွက်၊ မထွက်နိုင်သည့် ယူနစ်များအပေါ် အမှန်တကယ်လက်ခံနိုင်ခြင်းရှိ၊ မရှိ၊ ထွက်ရှိသည့် ယူနစ်အတိုင်း စာရင်းမှန်ရရှိပြီး ရောင်း၍ ရသောယူနစ်ဖြင့် ပျောက်ဆုံးလျှပ်စစ်ယူနစ်ကို အမှန်လက်ခံနိုင်ခြင်းရှိ၊ မရှိ၊ (လျှပ်စစ်ဈေးနှုန်းသာ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်သလို နည်းပညာကြောင့် လက်ခံနိုင်သော လျော့နည်းခြင်း losses ရာခိုင်နှုန်းများကိုလည်း ယှဉ်ပြသင့်ပါသည်။) အချို့ ယူနစ်အမြောက်အများ (bulk) စနစ်ဖြင့်ဝယ်ယူခြင်းမျိုးရှိပါကလည်း ဖြစ်နိုင်လျှင် မီတာများဖြင့်စိစစ်နေခြင်း၊ အလားတူ မြို့နယ်အလိုက်ဖြစ်စေ၊ အချို့ကို ပေါင်း၍ဖြစ်စေ ဆောင်ရွက်နိုင်မည့် မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ယူနစ်နှင့်ကောက်ခံရနိုင်မည့်ငွေ၊ ချိန်ထိုးနိုင်ရန် ငွေကြေးကုန်ကျသင့်သလောက် အကုန်ခံပြီး စိစစ်သည့်နည်းလမ်းမျိုး ရှာဖွေသင့်ပါသည်။

ဓာတ်အားခိုးယူမှု နည်းလမ်းပေါင်းစုံကိုလည်း ရပ်ကွက်အလိုက်ဖြစ်စေ၊ အပိုင်းလိုက်ဖြစ်စေ လုပ်ကိုင်နိုင်သောနည်းလမ်းဖြင့် စိစစ်ဖော်ထုတ်အရေးယူဖမ်းဆီး၊ အဆများစွာပေးလျော်စေသည့် နည်းလမ်းများ လုပ်သင့်နေပါသည်။ ဖော်ထုတ်ပေးသူကိုလည်း သင့်တင့်သည့် ငွေချီးမြှင့်သင့်ပါသည်။

ဓာတ်အားထုတ်စက်များ ဝယ်ယူသည့်တိုင်အောင် စက်ကဝါးချေမည့် ကုန်ကြမ်းမှန်မှန်ရရှိနိုင်ခြင်း ရှိ၊ မရှိ၊ ထွက်ရှိသည့်လျှပ်စစ်ကို မှန်မှန်ကန်ကန်အရည်အသွေးပြည့် ဓာတ်အားလိုင်းများမှ ပို့လွှတ်နိုင်ခြင်းဖြစ်၊ မဖြစ်၊ သုံးစွဲသော ပစ္စည်းများ ဥပမာ ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ ကြွေသီးများ၊ စက်များ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများမှ အစ အရည်အသွေးပြည့်မီခြင်းရှိ၊ မရှိ၊ လုပ်ကိုင်သော ကျွမ်းကျင်ဝန်ထမ်းများအား လိုအပ်သောသင်တန်းများ ပေးနိုင်ခြင်းရှိ၊ မရှိ၊ လူသစ်များခန့်ထားခြင်းစသည့်အချက်များကိုပါ စနစ်တကျဖြစ်အောင် ဆောင်ရွက်ဖို့လိုပါသည်။ အိမ်ရှေ့ဓာတ်တိုင်ရောက်သည့်တိုင်အောင် တစ်အိမ်ချင်း လျှပ်စစ်အသုံးပြုထားသည့်အပေါ် ဓာတ်ကြိုး၊ လျှပ်စစ်ပစ္စည်းများခံနိုင်ရည် ရှိ၊ မရှိ ပြည်သူများကိုယ်တိုင် တစ်ဦးချင်း၊ တစ်အိမ်ချင်း ပူးပေါင်းပါဝင်လာကြရမည် ဖြစ်ပါသည်။

လျှပ်စစ်ဌာန၏ ယခုတွေ့နေရသောအခက်အခဲများမှာ ငွေရှိ၍ ပုံပေးသော်လည်း အခက်အခဲပေါင်းစုံကြောင့် အစစအရာရာ ချက်ချင်းလက်ငင်းပြေလည်နိုင်မည် မဟုတ်ကြောင်း ပြည်သူလူထုကပါသိထားသင့်ပါသည်။ သိအောင်လည်း ဝန်ကြီးဌာနက အသိပေးခြင်း၊ ပညာပေးခြင်းများ ပြုလုပ်သင့်ပါသည်။

ယခုဖြစ်နေသည့် လျှပ်စစ်အခက်အခဲကို ရေတို၊ ရေလတ်၊ ရေရှည်ဖြေရှင်းရန်နှင့် နည်းဗျူဟာ၊ မဟာဗျူဟာများချမှတ်ပြီး ယခုတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက နောက်မျိုးဆက်သစ်များဖြင့် မည်သို့အကောင်အထည်ဖော်သွားမည်ကိုပါ စနစ်တကျ (Master Plan) ချမှတ်ဆောင်ရွက်ဖို့လိုပါမည်။ ယခုလက်ရှိ ဝန်ထမ်းထဲတွင် ပညာအရည်အချင်း၊ အတွေ့အကြုံရှိသူများကို တစ်ဖက်က နိစ္စဓူဝလုပ်ငန်းများဆောင်ရွက်စေပြီး တခြားတစ်ဖက်တွင် ရှေ့လာမည့် ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ်၊ နှစ် ၂၀ စသည်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် လုပ်ကိုင်နိုင်မည့်သူများကို မွေးထုတ်သွားရမည်ဖြစ်ပါသည်။ မြန်မာပြည်တစ်ခုလုံး၏ Energy balance တစ်ခုရေးဆွဲပြီး ပါဝင်ပတ်သက်မည့် ဌာနများ၊ ဥပမာ သဘာဝဓာတ်ငွေ့၊ ဒီဇယ်ဆီအပြည့်အဝရရှိရန် စွမ်းအင်လျှပ်စစ်၊ ထင်း၊ မီးသွေးအတွက် သစ်တော၊ ကျောက်မီးသွေးအတွက် သတ္တုတွင်း၊ လေအားအတွက် မိုးလေဝသ၊ ရေအားအတွက် ဆည်မြောင်း၊ ရေကြောင်းစသည်ဖြင့် ဌာနပေါင်းစုံ ပါဝင်အဖြေရှာဖို့လည်း လိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း ပြည်ပအထောက်အပံ့များ၊ ရေရှည်အတွက် ငွေလုံးငွေရင်းများကို ကူညီဆောင်ရွက်ပေးပြီး အချို့အခက်အခဲရှိသော နေရာများတွင် တတ်နိုင်သောအတိုင်းအတာတစ်ခုအထိ ပံ့ပိုးပေးသင့်ပါသည်။

ယခုဈေးနှုန်းတင်ခြင်းကို ပြည်သူလူထုနားလည်အောင်၊ ယခုတင်မည့်ဈေးနှုန်းသည် လတ်တလော လျှပ်စစ်ဌာနတွင် ပေါ်ပေါက်နေသည့်အရှုံးကို ကာမိအောင်သာဖြစ်ပြီး ကျွန်တော်အထက်တွင်တင်ပြခဲ့သော ရှေ့လျှပ်စစ်ကဏ္ဍ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၌လည်း ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါသဖြင့် ပြည်သူများကိုယ်တိုင် ဝိုင်းဝန်းပံ့ပိုးနိုင်ကြဖို့ ဆန္ဒပြုလိုက်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။ ။

## ကျွန်တော်မှတ်သားထားသော စကားများ - ၂

**ဝင်းချစ်**
**(အမျိုးသားစာပေဆုရ)**

ကျွန်တော် ၁၀ တန်းစာမေးပွဲကျပြီး ၁၀ တန်း ဒုတိယနှစ်ကို ပြန်တက်ခါစ အချိန်က ဖြစ်ပါတယ်။ အတန်းထဲမှာ ကျွန်တော်နဲ့အတူ စာမေးပွဲကျတဲ့ သူငယ်ချင်း ဆယ်ယောက်လောက်ရှိပါတယ်။ သင်္ချာဆရာမ ဒေါ်ကြည်အေးက စာမေးပွဲကျတဲ့ ကျွန်တော်တို့တစ်တွေကို အခုလို အားပေးစကားပြောပါတယ်။

မင်းတို့ အခုစာမေးပွဲကျတာကို စိတ်မကောင်းဖြစ်မနေကြနဲ့။ စိတ်ဓာတ်လည်းမကျကြနဲ့။ ဘဝဆိုတာ ဒီလိုပဲ။ ကျရှုံးတာတွေ အများကြီးကြုံရဦးမှာ။ အခုစာမေးပွဲကျတာက ဘာမှမဖြစ်လောက်သေးဘူး။ သိမ်ငယ်မနေကြနဲ့။ နောင်တစ်ချိန် မင်းတို့တွေ ကျောင်းအုပ်ဆရာကြီးတွေ၊ အရာရှိကြီးတွေ၊ ဝန်ကြီးတွေ၊ သူဌေးကြီးတွေဖြစ်တဲ့အခါကျရင် မင်းတို့ကို ဘယ်သူကမှ ၁၀ တန်း ဘယ်နှခါကျဖူးသလဲလို့မေးမှာ မဟုတ်ပါဘူး။ ဒီနှစ် အောင်ကို အောင်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချထားပြီး ကြိုးစားကြဖို့ပဲ လိုပါတယ်တဲ့။

ကျွန်တော်တို့ထင်ထားတာက စာမကျက်လို့၊ ပျင်းလို့ကျတာဆိုပြီး ဆရာမက ကောင်းကောင်းဆူမှာပဲလို့၊ ဆရာမရဲ့ အားပေးစကားကို ကြားရတော့ သူငယ်ချင်းတစ်သိုက် အားငယ်စိတ်တွေ၊ သိမ်ငယ်စိတ်တွေပျောက်ပြီး ဒီနှစ် သေချာပေါက် အောင်အောင်ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ စာမေးပွဲစစ်တိုင်း တစ်လပြီးတစ်လ အမှတ်တွေ ကောင်းလာပြီးတော့ နောက်ဆုံး စာမေးပွဲကြီးမှာ First Division ကနေ အောင်ခဲ့ပါတယ်။ (အဲဒီခေတ်က ၁၉၆၁ ခုနှစ်ဝန်းကျင်က မြန်မာတစ်နိုင်ငံလုံး Position 1 to 100 ရတဲ့ သူတွေကို စကောလားရှစ်သတ်မှတ်ပြီး တက္ကသိုလ်ကဘွဲ့ရသည်အထိ တစ်လ ၇၅ ကျပ် ချီးမြှင့်ပါတယ်။ Position 1 to 500 ကို First Division သတ်မှတ်ပါတယ်။)

အဲဒီတုန်းက ကျခဲ့တဲ့ ၁၀ တန်းစာမေးပွဲက ကျွန်တော့်ဘဝတစ်သက်တာမှာ ပထမဆုံးနဲ့ နောက်ဆုံး (First and Last)ကျခဲ့ဖူးတဲ့ စာမေးပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်က ၁၀ တန်းကို နှစ်ချင်းပေါက်အောင်တဲ့သူ အတော်နည်းပါတယ်။ ၁၀ တန်းကို နှစ်ချီပြီးဖြေတဲ့သူတွေရှိပါတယ်။ ကျွန်တော့်ရဲ့အစ်ကို ဝမ်းကွဲတစ်ယောက်ဆိုရင် ၁၀ တန်းကို ကိုးကြိမ်ဖြေပြီးမှ အောင်ပါတယ်။ ၁၀ တန်းစာမေးပွဲကို အကြိမ်ကြိမ်ဖြေပြီးမှ အောင်တဲ့ ကိုသန်းမောင်ကြီးဆိုရင် အောင်စာရင်းထွက်တဲ့နေ့က ဘယ်လောက်တောင်ပျော်လိုက်သလဲဆိုတော့ ဝင်းလိုက်ရုပ်ရှင်ရုံအပေါက်ကနေထိုင်စောင့်ပြီး လာသမျှသူငယ်ချင်းတွေကို ၁ ကျပ်တန်းကနေ ရုပ်ရှင်ပြပါတယ်။ ငယ်သူငယ်ချင်း ရှမ်းပွဲက ခင်မောင်အေးရဲ့အမေကတော့ ခင်မောင်အေး ၁၀ တန်းအောင်တုန်းက သူ့သားကိုဂုဏ်ပြုတဲ့အနေနဲ့ အငြိမ့်ခံပါတယ်။ အကျွေးအမွေးလည်းပါတာပေါ့။

ကျွန်တော်ကိုယ်တိုင် ဆရာဖြစ်လာတဲ့အခါမှာတော့ စာမေးပွဲကျပြီး စိတ်ဓာတ်ကျနေတဲ့ တပည့်တွေနဲ့ကြုံတိုင်း ကျွန်တော်တို့ကို ဆရာမ ဒေါ်ကြည်အေးက အားပေးစကားပြောခဲ့တဲ့အကြောင်းလေးကို ပြန်ပြောပြပြီး စိတ်ဓာတ်မြှင့်တင်ပေးလေ့ရှိခဲ့ပါတယ်။ ။



## လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေနှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မျှော်လင့်ပန်းခင်း ငြိမ်းချမ်းခြင်း

◆ ချိုးငှက်ကလေး
စိမ်းလန်းတေးဆို
ငြိမ်းချမ်းရေးကို ကြိုနေပြီ. . .။
◆ တိုင်းရင်းသားချင်း တွေ့ဆုံခြင်းဖြင့်
နှလုံးသားချင်း ပေါင်းဆုံရင်းကာ
ယုံကြည်ခြင်း ဥယျာဉ်နန်း
ပန်းခင်းလမ်းတည်. . .။
◆ ယမ်းခိုးဝေရာ
ပန်းမိုးစွေ ရွာစေမည်
"ပြည်မြန်မာ" မျှော်လင့်ခြင်း. . .။
◆ (အို. . .နောင်ညီငဲ့)
ချစ်ကြည်မှု အခြေခံ
ဖြစ်တည်မှု အမွေမှန်
အရှည်တည်ရန် ရင်ထဲကိန်းပါလို့
အစဉ်အမြဲ စိမ်းလန်းအောင်
ယှဉ်တွဲ ထိန်းစမ်းပါကွယ့်
ငြိမ်းချမ်းပန်းခင်း။ ။

(ငြိမ်းချမ်းရေးလမ်း လျှောက်လှမ်းသူအားလုံးကို ဂုဏ်ပြုလျက်. . .)

မျိုးမြတ်မြတ်မြင့်မောင်

## မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် လုပ်ဆောင်နေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် သမိုင်းအစဉ်အလာအရ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် NCA လမ်းကြောင်းပေါ်တွင် အခြေခံ၍ လုပ်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား တပ်မတော်(ကြည်း၊ရေ၊လေ) နယ်ပယ်အစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့ပြင် ယနေ့မွန်းလွဲပိုင်းက အဆိုပါချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်စွန့်လွှတ်ခဲ့ရသည့် သူရဲကောင်းများကို အလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၁**

အပြည်ပြည်ဆိုင်ရာ ပညာရေးကဏ္ဍများနှင့် ပိုမိုထိတွေ့ခွင့်ရရှိရေးရည်ရွယ်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာကျောင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များ၊ ပညာရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများနှင့် သင်တန်းများကို ကောင်းမွန်မှန်ကန်စွာရွေးချယ်နိုင်ရန်အတွက် ပညာရေးအခွင့်အလမ်းများကို တစုတဝေးတည်း ခင်းကျင်းပြသမည်ဖြစ်သည့် "မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ-၂၀၁၇" (International Education Fair Myanmar - 2017) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇွန် ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သောသင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံသင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာသင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာသင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို အများပြည်သူမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ စီစဉ်ကျင်းပမည်ဖြစ်သည်။

၎င်းပြင် ပညာရေးဆိုင်ရာကျောင်းများနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် စုစည်းထားသည့်အတွက် ပညာရေးကဏ္ဍပြောင်းလဲတိုးတက်မှု အခြေအနေများကို သိရှိသုံးသပ်နိုင်ခြင်း၊ ပညာရပ်ဆိုင်ရာများကို ရှင်းလင်းသိရှိနိုင်ပြီး ဆွေးနွေးဖလှယ်နိုင်ခြင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးဟောပြောခြင်းများ စီစဉ်ထားမည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် ပညာရေးစိတ်ပါဝင်စားသူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း Marketing Executive ဦးထူးဇော်အောင်က ပြောကြားသည်။

ပြပွဲတွင် "Education & Career Talk Show" ခေါင်းစဉ်ဖြင့် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ CVT-Myanmar မှ CEO ဒေါ်ခင်မြတ်စန္ဒာနှင့် TTI မှ Assistant Director ဦးသိန်းမြင့်ဝေတို့က ဆွေးနွေးဟောပြောမည်ဖြစ်သည့်အပြင် ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ရာပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ်ပညာရပ်အလိုက် ဆွေးနွေးဟောပြောသွားမည်ဖြစ်သည်။

**(ကြေးမုံ)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပ ကြည်နူးရ၏။**

**✱ ကျောဖုံးမှ**

အသုံးပြုနိုင်ရေး၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ဇုန်နယ်မြေများ သတ်မှတ်ပြီး မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဖြစ်ပေါ်တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စီမံခန့်ခွဲမှုများနှင့် လိုအပ်သည့်နည်းပညာ အဆင့်မြှင့်တင်မှုများဆောင်ရွက်သွားရေးစသည့် လုပ်ငန်းစဉ်များသည် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအသိပညာပြန့်ပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကဏ္ဍအလိုက်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍအလိုက်အစီအမံများချမှတ်ရေးဆွဲရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အစီအစဉ် (Action Plan) များတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ဗဟိုလုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများအနေဖြင့် ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို လက်တွေ့ကျကျ ကွင်းဆင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မှုအနည်းဆုံးဖြစ်စေရန် အထူးသတိထားဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သန့်ရှင်းပြီး ရေရှည်တည်တံ့မည့် သဘာဝပတ်ဝန်းကျင်ကို လွှဲပြောင်းပေးနိုင်ရေးအတွက် ညီညီညွတ်ညွတ်နှင့် တာဝန်သိသိ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသာမက အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ရေရှည်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအပါအဝင် ရာသီဥတုပြောင်းလဲမှု တားဆီးလျှော့ချရေး၊ လိုက်လျောညီထွေဖြစ်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ကဏ္ဍအလိုက်၊ ဌာနအလိုက် ရေးဆွဲဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံတော်အဆင့်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေကြသည်ကိုမြင်တွေ့ကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့်မူဝါဒ၊ မဟာဗျူဟာ၊ ပင်မအစီအစဉ်နှင့် လုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအချင်းချင်းသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပါ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် ပင်မအစီအစဉ်၊ အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များသည် အမျိုးသားအဆင့်(National Level)၌သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်(Sub-national Level)များ၌ပါ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း။

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်ရမည့်လုပ်ငန်းများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေခံကောင်းများရေရှည်တည်တံ့ရေးဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက တွေ့ကြုံရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများဖြင့် ဆွေးနွေးအကြံပြုပြီး အားသာချက် အားနည်းချက်များကို အပြုသဘောဖြင့် ဝေဖန်ထောက်ပြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်း ဆိုင်ရာလုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့် ပွားရေးလုပ်ငန်းကော်မတီနှင့် အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းကော်မတီ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတက ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ဇွန် ၁ ရက်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြန်မာတစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ရာ နေပြည်တော် ကောင်စီနယ်မြေရှိ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းတက်ကြစဉ်။** (ကြေးမုံ)



**ဇွန် ၁ ရက်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြန်မာတစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ရာ တာမွေမြို့နယ် အထက (၄)၌ ကျောင်းသူလေးများ ကျောင်းတက်လာကြစဉ်။** (ကြေးမုံ)



**ဇွန် ၁ ရက်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြန်မာတစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ရာ ဒဂုံမြို့နယ် အထက (၁)၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းဆင်းလာကြစဉ်။** (ကြေးမုံ)

**◯ ၂၀၁၇-၁၈ မှ**

အနုပညာ (ပန်းချီ)နှင့် အနုပညာ(ဂီတ) စသည့် ဘာသာရပ် ၁၀ ခုဖြင့် သင်ရိုးပြောင်းလဲ သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။

ယမန်နှစ် ပညာသင်နှစ်က KG သင်ရိုးညွှန်းတမ်းကို ကဗျာရွတ်ဆိုခြင်း၊ သီဆိုကခုန်ခြင်း၊ ပန်းချီဆွဲခြင်း၊ ရုပ်ပုံကားချပ်များ အရောင်ခြယ်ခြင်း၊ ဝိုင်းဖွဲ့ကစားခြင်းများ အပါအဝင် သင်ကြားမှုနယ်ပယ်ကြီး ခြောက်ရပ်ဖြင့် ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းအေးက“လက်ရှိ အလက (၁)ဒဂုံရဲ့ ကျောင်းအုပ်မရှိတဲ့အတွက် တာဝန်ခံကျောင်းအုပ်အနေနဲ့ လာပြီး တာဝန်ထမ်းဆောင်နေပါတယ်။ ဇွန် ၁ ရက် ကျောင်းဖွင့်တဲ့အခါ အဆင်သင့်ဖြစ်အောင် ကျောင်းသန့်ရှင်းရေးကအစ ခုံတွေအားလုံးကို ဆရာမတွေက မေ ၁၅ ရက်ကလာပြီး ကျောင်းရဲ့လိုအပ်ချက်တွေ အကုန်လုံးဖြည့်ဆည်းထားပါတယ်။ သင်ရိုးအနေနဲ့ KG တန်းကို မနှစ်ကတည်းက ပြောင်းထားပြီးပါပြီ။ ဒီနှစ်က ပထမတန်းကို ပြောင်းထားပါတယ်။ ဆရာမတွေကိုလည်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်ဆိုပြီး ဆရာမတွေကို သင်တန်းတွေပေးထားပြီးဖြစ်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေကလည်း သင်တန်းတွေတက်ထားပါတယ်”ဟု ပြောသည်။

“ကျောင်းအပ်နှံရေးနေ့မှာ မူလတန်းအဆင့်မှာ အကုန်လုံးအခမဲ့ ပေးထားပါတယ်။ ဗလာစာအုပ်၊ပုံနှိပ်စာအုပ်၊ဝတ်စုံပေးပါတယ်။ အလယ်တန်းမှာ ပုံနှိပ်စာအုပ်တွေ အခမဲ့ပေးပါတယ်။ အခြေခံပညာဦးစီးဌာနက ကျောင်းစာအုပ်ပံ့ပိုးပေးထားတယ်။ လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပါတယ်။ ဒီပတ်ဝန်းကျင်တစ်လျှောက် ကျောင်းမနေတဲ့ ကလေးမရှိသလောက်ပါဘဲ။ ကျောင်းအပ်တဲ့အခါမှာလည်း မိဘတွေ ကုန်ကျစရိတ် မရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ကျောင်းအပ်ရာမှာလည်း အခြေခံက ချထားတဲ့မူနဲ့ ကိုက်ညီအောင် လုပ်ထားပါတယ်”ဟု ၎င်းကပြောသည်။

ဒဂုံမြို့နယ် အလက(၁)မှ ပထမတန်းပြဆရာမ ဒေါ်စိန်စိန်မြင့်က “သင်ရိုးပြောင်းလိုက်တဲ့အတွက် ကလေးတွေအတွက် အရင်တုန်းကထက်စာရင်တော့ သင်ခန်းစာ နည်းသွားတယ်။ ကလေးတွေအတွက် ဖိအားမရှိတော့ဘူးပေါ့။အရင်တုန်းက စာတွေ တအားများတယ်။ အခုက စာထက် လက်တွေ့လုပ်ငန်းက များလာတယ်။ များလာတဲ့အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာသုံးခုက ပုံမှန်လေးသွားမယ်။ ကျန်တဲ့ဘာသာတွေအတွက် ကလေးတွေနှစ်ယောက်တွဲလုပ်ငန်း၊ လေးယောက်တွဲ လုပ်ငန်းအုပ်စုဖွဲ့ပြီးတော့ လုပ်ငန်းတွေကို လက်တွေ့လုပ်ပြီး အဲဒီ နောက်ဆုံးရလဒ်ကို ကလေးတွေကိုယ်တိုင် သူတို့လုပ်ပြီးသိသွားမယ်။ သူတို့ဘဝ တစ်သက်တာမှာ အရင်တုန်းက စာထဲမှာပဲ ကလေးတွေက ခေါင်းမဖော်နိုင်ဘူး။ တစ်ဘာသာပြီး တစ်ဘာသာရေးပြီးရင်ကျက်ပေါ့။ ဒါမေးမယ်၊ဒါရအောင်ကျက်၊ ဒါဖြေ၊အဲဒါမျိုးပေါ့”ဟု ပြောသည်။

ဆက်လက်၍ “အခုဟာတော့ အထူးသဖြင့် ဘဝတစ်သက်တာ၊ စာရိတ္တတို့ လူမှုရေးဘာသာတို့ အနုပညာမှာလည်း ပန်းချီ၊ ဂီတရယ်ပါမယ်။ ကာယလည်း ပါတယ်။ အဲဒါအားလုံးအတွက် ကလေးတွေအားလုံးလက်တွေ့လုပ်ရမယ်။ ပန်းချီ ကိုယ်တိုင်ဆွဲရမယ်။ ကိုယ့်စိတ်ကူးနဲ့ဆွဲမယ်။ လက်တွေ့လုပ်ရတာဖြစ်တဲ့အတွက် ကလေးတွေက ဘာသာရပ်တိုင်း အနည်းနဲ့အများ စိတ်ဝင်စားလာမှာပဲ။ ဘာသာရပ်တိုင်းက သူ့အတွက်အခြေခံတွေရသွားပါမယ်။ ရှေ့လျှောက်ကောင်းသွားမယ်။ တစ်နေ့တာလုပ်ငန်းကို ဆရာမအကဲဖြတ်မှာပါ။ စာမေးပွဲမရှိပါဘူး။ အဆင့်သုံးဆင့်နဲ့ သွားမှာပါ။ အခုပြောင်းလဲလိုက်တာ ကလေးအတွက်ရော ဖြန့်ဝေသူ ဆရာမတွေအတွက်ရော အလွန်ကောင်းတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ အားလုံးတစ်ပြေးညီသွားမှာပါ။ ကလေးတွေရော မိဘအတွက်ပါ အကောင်းဆုံးဖြစ်သွားမှာပါ”ဟု ၎င်းက ပထမတန်း သင်ရိုးညွှန်းတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်ပြောကြားသည်။

ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်အက်စ်လုဂျာက“အလက(၁)ဒဂုံ KG တန်းမှာတက်ရောက်နေတဲ့ မအက်စ်ကော့ရာနှင့် မအက်စ်ဘောက်ဂျာတို့ရဲ့ အုပ်ထိန်းသူပါ။ အမြွာသမီးလေးတွေ KG တန်းမှာ သက်သောင့်သက်သာနဲ့ ပညာသင်ယူရမှာဖြစ်တာကြောင့် အဆင်ပြေမှာပါ။ ကလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ယူကြပါတယ်။ ကလေးတွေအတွက်လည်းကောင်းပါတယ်။ အခမဲ့ပညာရေးစနစ်ကို ကြိုက်ပါတယ်။ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကျောင်းဝင်ကြေး မပေးရတဲ့အတွက် ကောင်းပါတယ်”ဟု ဆိုသည်။

ဒဂုံမြို့နယ် အလက(၁)မှ စတုတ္ထတန်းကျောင်းသား မောင်မျိုးပြည့်ဦးက “သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမယ်။ သင်ခန်းစာအသစ်တွေသင်ရမယ်။ အဲဒီအတွက် ပျော်တယ်။ ဆရာ ဆရာမတွေ သင်ကြားတာကိုဂရုစိုက်ပြီး စာကြိုးစားမယ်။ တခြား ကျောင်းသားကျောင်းသူတွေလည်း ကျောင်းတက်ရတာ ပျော်ကြမယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့ကို အခမဲ့ပညာရေးစနစ် သတ်မှတ်ထားရာ ငွေကြေးကုန်ကျမှုမရှိစေရန် ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်များကိုပါ အခမဲ့ဖြန့်ဝေလျက်ရှိပြီး ကျောင်းဝင်ကြေးများလည်း ပေးဆောင်ရန် မလိုတော့ကြောင်း သိရသည်။

**သတင်း -ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မိုရာမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၁**

ဘင်္ဂလား ပင်လယ်အော်တွင် တိုက်ခတ်ခဲ့သည့် မိုရာမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများကို စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ပျက်စီးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး တို့သည် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဦးဥတ္တမပန်းခြံ၊ ကျေးတောရွာ အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ရှုပမြောက်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ စက်ရုံစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းများတွင် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လေမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းအချို့ကို ဆောက်လုပ်ရေးကုမ္ပဏီများဖြင့်လည်းကောင်း၊ အချို့စာသင်ကျောင်းများကို နယ်မြေခံတပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့များဖြင့် လည်းကောင်း ပြန်လည်ပြုပြင်ပေးသွားရန်အတွက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့် ဒေသများအတွက် ထောက်ပံ့ပစ္စည်းများ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇွန် ၁**

မိုရာမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့်ဒေသများရှိ ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ပစ္စည်းများ ဇွန် ၁ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ နယ်မြေခံတပ်မတော်သားများက တပ်မတော်လေယာဉ်မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်၍ သတ်မှတ်နေရာသို့ ပို့ဆောင်ပေးသည်။

အဆိုပါ တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည့် ခေါက်ဆွဲခြောက်အတွဲ ၄၀၊ ဒန်အိုး အိတ် ၃၀၊ အမဲစည်သွပ်ဘူးဖာ ၁၀၀၊ မျှစ်စားတော်ပဲဘူး ၂၅ ဖာ၊ ရေသန့် ၂၀ လီတာဘူး ၁၅၀ စုစုပေါင်း ၇ ဒသမ ၁၄ တန်အား မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့်ဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံ တာဝန်ရှိသူများက ဆက်လက်ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မုန်တိုင်းဒဏ်ကြောင့် စာသင်ကျောင်းခေါင်မိုးများ ပျက်စီးနေမှု နယ်မြေခံတပ်မတော်သားများက ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

**အမ်း ဇွန် ၁**

ရခိုင်ပြည်နယ်အတွင်း မိုရာမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် စာသင်ကျောင်းအမိုးများ ပျက်စီးခြင်းနှင့် သစ်ပင်များလဲကျနေမှုများကို မေ ၃၁ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက ပြုပြင်ရေးလုပ်ငန်းများနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသည်။ မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲမြို့တို့ရှိ စာသင်ကျောင်းများတွင် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် စာသင်ကျောင်းခေါင်မိုးများပျက်စီးနေမှုကို ပြန်လည်ပြုပြင်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့ပျက်စီးနေမှုများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဝပ်နေသော ရေအိုင်များအား ဖောက်ထုတ်ရှင်းလင်းပေးခြင်းနှင့် ဒေသခံကျောင်းသား ကျောင်းသူများ ဇွန် ၁ ရက်တွင် အချိန်မီ ကျောင်းတက်ရောက်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်၌ မုန်တိုင်းကြောင့် ပျက်စီးသွားသော သစ်ပင်သစ်ကိုင်းများနှင့် အမှိုက်သရိုက်များအား ဖယ်ရှားရှင်းလင်း

**စစ်တွေ ဇွန် ၁**

ရခိုင်ပြည်နယ်အတွင်း မေ ၂၉ ရက်တွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်ပြီးနောက် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌ ဖြစ်ပေါ်နေသော အမှိုက်သရိုက်များ၊ ကျိုးကျနေသော သစ်ပင်သစ်ကိုင်းများကို စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၃၁ ရက်တွင် ပူးပေါင်းရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် မုန်တိုင်းဒဏ်ခံရသော စစ်တွေမြို့ရှိ ဒေသခံတိုင်းရင်းသားများအား ထောက်ပံ့ရန်အတွက် တပ်မတော်လေယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေလေဆိပ်သို့ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ဆက်လက်ပေးပို့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူနှစ်ဦးနှင့် မသင်္ကာသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်စဉ် မေ ၂၉ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့သည့် သရေကုန်းတန်း(အနောက်ရွာ)နေ အဒူရာမန်အား စစ်ဆေးရာမှ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူနှစ်ဦးနှင့် မသင်္ကာသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ အဒူရာမန်အား စစ်ဆေးချက်အရ ၎င်းသည် လေယာဉ်ကွင်းကျေးရွာမှ ရာအိမ်မှူးနှစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နေကြောင်း၊ လွန်ခဲ့သော ခြောက်လခန့်ကတည်းက တစ်ရွာတည်းနေ ဂျော်ဒီဟူဆော၏ နေအိမ်တွင် ၎င်းတို့ အဖွဲ့ဝင် ၁၂ ဦးသည် အကြမ်းဖက်သင်တန်းများ သင်ကြားခဲ့ကြောင်း ထွက်ဆိုသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ နံနက်ပိုင်းက သရေကုန်းတန်း(အနောက်ရွာ)မှ အကြမ်းဖက်သင်တန်း တက်ရာက်ခဲ့သူများ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရှော်ရှီးဒူးလ္လာ(ခ) ရှော်ရိတူလ္လာနှင့် ဖူတူးယာ(ခ) အေနာတူလ္လာတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးစဉ် ထွက်ပြေးသူ ဆော်လီမူလာ အပါအဝင် မသင်္ကာသူငါးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူများ၏ နေအိမ်အတွင်းမှ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်နှစ်ချောင်းနှင့် အရိုးအသွား သုံးပေကျော်ခန့်ရှိ ဓားရှည် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ လမ်းလျှောက်စကားပြောစက် အလုံး ၄၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁**

မောင်တောမြို့နယ် ဇီးပင်ချောင်းစခန်းမှ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယမန်နေ့ညနေပိုင်းက ချောင်းကုလားမြောက်ရွာရှိ နေအိမ်တစ်လုံးမှ စကားပြောစက်အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ညနေ ၄ နာရီခန့်က ချောင်းကုလားမြောက်ရွာနေ မောလဝီဘော်နီဂိုအာမီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စကားပြောစက်အလုံး ၄၀၊ ဘက်ထရီ ၃၆ ခု၊ အားသွင်းခုံ ၄၀၊ စက္ကူဘူး ၁၀ ဘူး သိမ်းဆည်းရမိခဲ့ပြီး အိမ်ရှင် မော်လဝီ ဘော်နီဂိုအာမီမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ် ရေတွင်းပြင်ကျေးရွာအုပ်ချုပ်ရေးမှူးအား လူ ၃၀ ခန့်က ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းပြင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးအား မေ ၂၉ ရက် ညပိုင်းက တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ရေတွင်းပြင်ကျေးရွာအုပ်စု ရေတွင်းပြင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ရှောင်ရှူးအာလောင်(ခ)ကျော်ဆွေသည် နေအိမ်တွင် ယောက္ခမ၊ သမက်ဖြစ်သူတို့နှင့် အတူရှိနေစဉ် မေ ၂၉ ရက် ည ၁၁ နာရီခန့်တွင် တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် မျက်နှာဖုံးစွပ် လူ ၃၀ ခန့်က နေအိမ်တံခါးများ ချိုးဖျက်ပြီး ရှောင်ရှူးအာလောင်အား ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ကုတ်မြို့နယ်၌ တရားမဝင်လိုက်ပါသူ သုံးဦးနှင့် လိုက်ပါပို့ဆောင်သူတို့အား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တောင်ပုံကြီး စစ်ဆေးရေးဂိတ်၌ မေ ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့သို့ တရားမဝင်သွားရောက်မည့်သူ သုံးဦးနှင့် လိုက်ပါ ပို့ဆောင်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၃၀ ရက် ည ၁၀ နာရီခန့်က တောင်ကုတ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အား စစ်ဆေးရာ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး ကယ်ဆယ်ရေးစခန်းမှ မချိုချိုဝင်း(ခ) ရိုရှီတာ (၂၄)နှစ်နှင့် သားဖြစ်သူ ထက်ကျော်လင်း (၆)နှစ်၊ သမီးဖြစ်သူ လင်းလင်းရည်ဝင်း(၃)နှစ်တို့အား ကျောက်ဖြူမြို့နေသူ ဦးလှသိန်းက အခကြေးငွေ ခုနစ်သိန်းကျပ်ရယူ၍ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဗွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်



**ဘားအံ ဇွန် ၁**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဗွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သစ္စာလမ်းရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားရာတွင် ယခင်က ကရင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးမှု အားနည်းပြီး ကူးသန်းရောင်းဝယ်မှုများသည်လည်း နည်းပါးခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးသည့် ဗွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနသည် ပြည်နယ်၏ ခြေလှမ်းတစ်ခုပင်ဖြစ်ကြောင်း၊ တရားနည်းလမ်းကျသည့် တရားဥပဒေစိုးမိုးရေး၏ မူဘောင်အတွင်းမှနေ၍ ဆောင်ရွက်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး တရားနည်းလမ်းကျကျဖြင့် လုပ်ကိုင်နိုင်ရန် ဗဟိုအဆင့်မှ လာရောက်ဖွင့်လှစ်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဗွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံ၏ထုတ်ကုန်များသည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံထားသည့်အတွက် ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန်၊ ဒေသ၏ထွက်ကုန်များကို မြှင့်တင်ပေးနိုင်ရန်၊ ပြည်တွင်းကုန်သွယ်မှုနှင့် ပြည်ပပို့ကုန် တိုးတက်လာစေပြီး နိုင်ငံ၏ဝင်ငွေတိုးတက်ရရှိလာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးသည် တိုင်းပြည်၏ အခြေခံကျသည့် လုပ်ငန်းများဖြစ်သည့်အတွက် ဒေသ၏စီးပွားရေးနှင့် ဒေသ၏ အစိုးရကို ကူညီပံ့ပိုးနိုင်ရေး၊ ဒေသ၏ လုပ်ငန်းရှင်များအား ကူညီပံ့ပိုးနိုင်ရေးအတွက် ဗွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကုန်သေတ္တာထိန်းချုပ်ရေးယူနစ် ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနနှင့် UNODC-WCO တို့ ပူးပေါင်း၍ ကုန်သေတ္တာထိန်းချုပ်ရေးယူနစ် (CCU) ဖွင့်ပွဲကို မေ ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာစက်မှုဆိပ်ကမ်း (MIP)၌ ကျင်းပခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန် ဦးစီးဌာနနှင့် UNODC-WCO တို့ ပူးပေါင်း၍ ကုန်သေတ္တာထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ အကောက်ခွန်နှင့် မူးယစ်တပ်ဖွဲ့တို့မှ သင်တန်းသားများ တက်ရောက်ကြပြီး ကုန်သေတ္တာထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ **(၀၀၁)**

# (၃)ကြိမ်မြောက် ကျပ်သိန်းတစ်သောင်းဆု ရှမ်းပြည်နယ် ပင်လုံမြို့မှဆွတ်ခူး

**ရန်ကုန် ဇွန် ၁**
(၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲကို ဇွန် ၁ ရက်က ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပခဲ့ရာ ဆုမဲပေါင်း တစ်သိန်းကျော် ဖွင့်လှစ်ပေးခဲ့ပြီး ကျပ်သိန်းတစ်သောင်းဆုအား ရှမ်းပြည်နယ် ပင်လုံမြို့မှ အောင်ဘာလေထီကံစမ်းသူက ဆွတ်ခူးရရှိခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ကျပ်သိန်းတစ်သောင်း ကံထူးသူအား တောင်ကြီးမြို့ မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင်မှ ရောင်းချခဲ့ခြင်းဖြစ်ပြီး မူကြိုအရွယ်ကလေးငယ် မထူးသဒ္ဒါအောင်က ရွေးချယ်ပေးခဲ့သည့် ထီလက်မှတ်ဖြစ်ကြောင်း သိရသည်။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် အမြင့်ဆုံးဆု ကျပ်သိန်း တစ်သောင်းဆုကို ရှမ်းပြည်နယ်မှဆွတ်ခူးရရှိခဲ့ပြီး (၁)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရခိုင်ပြည်နယ်မှ လည်းကောင်း၊ (၂)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှလည်းကောင်း ကံထူးရှင်များက အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

(၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် အထူးဆုကြီးစနစ်၌ အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းဆု တစ်ဆုအပြင် ကျပ်သိန်းငါးထောင်ဆု တစ်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်းတစ်ရာဆု ၃၇ ဆု၊ ကျပ်သိန်းငါးဆယ်ဆု ၃၉ ဆု၊ ကျပ်ဆယ်သိန်းဆု ၄၁ ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀၊ ကျပ် နှစ်သိန်းဆု ၁၀၀၀၊ ကျပ်တစ်သိန်းဆု ၂၉၀၀၀၊ ကျပ် ငါးသောင်းဆု ၇၀၀၀၀ အပါအဝင် စုစုပေါင်း ဆုမဲအရေအတွက် ၁၀၀၂၂၀ ချီးမြှင့်ခဲ့သည်။

ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲအတွက် ထီလက်မှတ်ရောင်းရငွေ စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၄၇၂၇ ဒသမ ၂၄ ဖြစ်ပြီး ထီလက်မှတ်ရောင်းရငွေပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သည်ဖြစ်ရာ ထီဆုငွေပေါင်း ၈၈၃၆ ဒသမ ၃၄၄ သန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထီဖွင့်ပွဲအတွက် ရောင်းချခဲ့ရသည့် ထီလက်မှတ်ပေါင်းမှာ (၃)ကြိမ်မြောက်နှင့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် “က” အက္ခရာမှ အစဉ်လိုက် “န”အက္ခရာအထိ အက္ခရာ အလုံး ၂၀၊ အကြိမ်မြောက်နှင့် ဖွင့်လှစ်မည့် ရက်စွဲမပါရှိသည့် အရန်ထီ “ကဒ”အက္ခရာမှ အစဉ်လိုက် “ကအ” အက္ခရာအထိ အက္ခရာ ၁၆ လုံး စုစုပေါင်း အက္ခရာ ၃၆ လုံးဖြစ်၍ ထီလက်မှတ်အုပ်ရေပေါင်း ၂၉၄၅၄၄၈ အုပ်၊ ထီလက်မှတ်စောင်ရေပေါင်း ၃၂၃၉၉၉၂၈ စောင် ရောင်းချခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**(ဆုနှင်းလဲ့)**

❑

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ပန်းတောင်းမြို့မရဲစခန်းအချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဇွန် ၁**
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် မေ ၂၉ ရက်က ပန်းတောင်းမြို့မရဲစခန်းအချုပ်ခန်းရှိ တရားရုံးစစ်ဆေးဆဲအချုပ်သားများ၊ တရားမစွဲတင်မီ အမှုစုံစမ်းစစ်ဆေးဆဲအချုပ်သားများအား ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်ထားမှုများရှိမရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိမရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိမရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိမရှိ၊ မကျန်းမာပါက ဆေးကုသရန်



အခွင့်အရေးရှိ မရှိ၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိမရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိတို့ကို အချုပ်သားများအား တွေ့ဆုံမေးမြန်းကာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တရားသူကြီးချုပ်သည် ပန်းတောင်းမြို့နယ်တရားရုံး၌ တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၁၅-၂၀၁၇ မဟာဗျူဟာ စီမံကိန်းအရ အမှုများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် ပြီးပြတ်အောင်ဆောင်ရွက်ရေး၊ လာဘ်ပေး လာဘ်ယူကင်းရှင်းရေး၊ ပြည်သူများနှင့် ဆက်ဆံရာတွင် နူးညံ့သိမ်မွေ့ စိတ်ရှည်သည်းခံစွာ ဆက်ဆံရေး၊ လုံခြုံရေးကို အလေးထားဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ရုံးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေးတို့ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြို့နယ်ပြန်/ဆက်)**



# မြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ရန်ကုန် ဇွန် ၁**
ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဌာနစုမှူး ဦးဝဏ္ဏဝင်း၊ ကြီးကြပ်ရေးမှူး ဦးအေးကြိုင်တို့သည် ဇွန် ၁ ရက်က (၄)ရပ်ကွက် စံပယ်လမ်းမဖြတ်ကျော် ရေမြောင်း ရေစီးဆင်းမှု မြန်ဆန်သွက်လက်စေရန်(လမ်းနှင့်တံတား)ဝန်ထမ်းအင်အား ၂၀ ဖြင့် လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

“လူနေအိမ်ဝင်းထဲ ရေဝင်ခြင်းမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမှာပါ”ဟု ဌာနစုမှူးက ပြောသည်။

“ဒီလိုဖြစ်တာလည်း ကြာရှည်မဟုတ်ပါဘူး။ မိုးတိတ်ပြီး မကြာမီအချိန်မှာ ရေစီးဆင်းပါတယ်။ ရေတင်နေချိန်မှာ ကိုယ့်အိမ်ရှေ့ ရေမြောင်း ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားကြဖို့လည်းလိုပါတယ်”ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**(ထွန်းဝင်း)**

# ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်

**ဇီးကုန်း ဇွန် ၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်နှင့် မယင်းကျေးရွာတို့တွင် ဆွေးမြည့်သစ်သားတိုင် ၂၂ တိုင်နှင့် ဆွေးမြည့်သံတိုင် ၈၅ တိုင်တို့အား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရန်နိုင်ဝင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မေ ၂၉ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်း၍ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

# သာကေတမြို့နယ်မှ နှစ်လောင်းပြိုင်လူသတ်မှု ဖော်ထုတ်ရရှိ

**ရန်ကုန် ဇွန် ၁**
သာကေတမြို့နယ် (၁၀/တောင်) (၁၄)ရပ်ကွက် ရှုခင်းသာလမ်းမကြီး မြရည်နန္ဒာအိမ်ရာဝင်း(လုံးချင်းအိမ်ရာ)ရှိ အမှတ်(၈)နေအိမ်တွင် ဇွန် ၁ ရက် နံနက် ၈ နာရီခန့်က VICTOR RAJ (၄၈)နှစ်နှင့် ၎င်း၏ဇနီးဖြစ်သူ မခိုင်စပယ်နှင်းအောင် အသက်(၃၁)နှစ် သေဆုံးနေကြောင်း မခိုင်စပယ်နှင်းအောင်၏ ဖခင်ဖြစ်သူမှ တိုင်တန်းချက်အရ သာကေတမြို့မရဲစခန်းက (ပ)၅၇၅/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်စုံစမ်း ဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်မှတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)ပူးပေါင်း၍ အခင်းဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူ VICTOR RAJ သည် အလုပ်အကိုင် (၇)ကြိမ်ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် အလုပ်အကိုင်မရှိဘဲ အခြားသူများကို အကြွေးများ မြောက်မြားစွာ ပေးဆပ်ရန်ရှိနေသည့်အပြင် ၎င်း၏ ဇနီးဖြစ်သူကိုလည်း ငွေကျပ်သိန်း ၅၀ ပေးရန်ရှိကြောင်း၊ အခင်းဖြစ်နေ့တွင် VICTOR RAJ မှ ၎င်း၏ အိပ်ခန်းအား သန့်ရှင်းရေးဝင်ရောက်မလုပ်ရန် အိမ်အကူများအားမှာကြားခဲ့ကြောင်း၊ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးအုန်းမြင့်ကို ၎င်းအား လာရောက်မေးမြန်းသူမည့်သူကိုမဆို နေအိမ်တွင်မရှိဘဲ နိုင်ငံခြားသို့ပြန်သွားကြောင်းကို ပြောဆိုရန်မှာကြားထားကြောင်း သိရှိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ မေ ၃၁ ရက်တွင် သေဆုံးသူ၏နေအိမ်၌ မခိုင်စပယ်နှင်းအောင်၏ ညီမဝမ်းကွဲတော်စပ်သူ မခိုင်နှင်းဝေ၊ အိမ်အကူ မနွဲ့နှင့် ဒေါ်ခင်ဆွေတင့်၊ လုံခြုံရေးဝန်ထမ်း ဦးအုန်းမြင့်တို့ရှိနေပြီး သေဆုံးသူ VICTOR RAJ သည် ပြင်ပသို့ထွက်ခွာသွားခြင်းမရှိကြောင်း၊ မခိုင်စပယ်နှင်းအောင်သည် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး နေအိမ်အောက်ထပ်ရှိ ၎င်း၏အိပ်ခန်းအတွင်းသို့ ဝင်သွားခဲ့ကြောင်း၊ ည ၇ နာရီခန့်တွင် ညီမဝမ်းကွဲတော်သူ မခိုင်နှင်းဝေက အစ်မဖြစ်သူ မခိုင်စပယ်နှင်းအောင်မှာ အပြင်သို့ထွက်မလာ၍ အိပ်ခန်းတံခါးကို သွားခေါက်ရာအတွင်းမှ မည်သည့်အသံမျှ မကြားရသဖြင့် ၎င်း၏ဖုန်းကိုခေါ်ဆိုရာ လက်ခံဖြေကြားခြင်းမရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ရပ်တွင် တွေ့ရှိသည့် တူနှင့်ဓားမအား သေဆုံးသူ VICTOR RAJ သည် မေ ၃၀ ရက်က Capital Hyper Market မှ ၎င်းကိုယ်တိုင်ဝယ်ယူခဲ့ကြောင်း Capital Hyper Market ၏ CCTV မှတ်တမ်းအထောက်အထားများနှင့် ငွေရှင်းပြေစာဘောက်ချာမှတ်တမ်းအထောက်အထားများရရှိခဲ့ပြီး ရရှိသောဒဏ်ရာ များမှာ ဝဲ/ယာလက်ကောက်ဝတ်တွင် သွေးပြန်ကြောလှီးဖြတ်ဒဏ်ရာ တစ်ချက်စီ၊ ဝမ်းဗိုက်အထက် ရင်ညွန့်ပြတ်ရှဒဏ်ရာ တစ်ချက်၊ ရင်ညွန့်တွင်ထိုးသွင်း ဒဏ်ရာနှစ်ချက်ရရှိပြီး မခိုင်စပယ်နှင်းအောင်တွင် လည်ပင်းခုတ်ထစ် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာနားထင်တွင်တူနှင့်ထုသည့် ချိုင့်ဝင်ဒဏ်ရာ တစ်ချက်တို့ ရရှိကာ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

သေဆုံးသူ VICTOR RAJ သည် မသေဆုံးမီက ဇနီးဖြစ်သူအား ၎င်းဝယ်ယူခဲ့သည့် တူနှင့်ဓားကိုအသုံးပြုကာ သတ်ပြီးနောက် ၎င်းကိုယ်တိုင်လည်း မိမိကိုယ်မိမိ သတ်သေခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင်


အခင်းဖြစ်ပွားခဲ့သည့် အိမ်အား တွေ့ရစဉ်။

နေအိမ်၌ တပ်ဆင်ထားသည့် CCTV ကင်မရာ လေးလုံးကို မေ ၃၁ ရက် နံနက် ၆ နာရီမှ ဇွန် ၁ ရက် နံနက် ၈နာရီအထိ စစ်ဆေးချက်မှတ်တမ်းအရ လည်းကောင်း၊ လုံခြုံရေးဝန်ထမ်း ဦးအုန်းမြင့်၏ပြောပြချက်အရ လည်းကောင်း နေအိမ်ခြံဝင်းအတွင်း ဝင်/ထွက်သွားလာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

အမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အများပြည်သူသိရှိစေရန် အသိပေးဖော်ပြခြင်းဖြစ်ပြီး အမှုကို ဆက်လက်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၈ စီး၊ သွင်းကုန် ၅၄၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၀၄ စီးဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့ သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Sewing Machine (20)U (စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် သုညဒသမ ၄ သန်းခန့်)အား တွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်တစ်ဦးထံမှ မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

**မိုးညှင်း ဇွန် ၁**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာတွင် လူငယ်အချို့ မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ လူငယ်တစ်ဦးအား မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မေ ၃၁ ရက် နံနက် ၇ နာရီခွဲက မိုးညှင်းမြို့မရဲစခန်းမှ လူငယ်များမူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲလျက်ရှိကြောင်း သတင်းအရ ထန်းတပင်ကျေးရွာ မိုင်းတောင်လမ်းနှင့် တောင်ပိုင်းလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် သိန်းနိုင်ဦး စီးနင်းလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ သိန်းနိုင်ဦးဝတ်ဆင်ထားသောဘောင်းဘီယာဘက်အိတ်ကပ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသောဖြူ/ဝါ ရောင်အမှုန့် သုည ဒသမ ၃ ဂရမ်စီပါသုံးဘူး စုစုပေါင်း သုည ဒသမ ၉ ဂရမ်အား ရှာဖွေတွေ့ရှိသဖြင့် ၎င်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၅၈)**

# အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**ဝမ်းတွင်း ဇွန် ၁**
မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သနပ်ခါးတောကျေးရွာအုပ်စု ကျွတ်ကန်ကျေးရွာ၌ မေ ၃၁ ရက် မွန်းတည့် ၁၂ နာရီက အမျိုးသားတစ်ဦး စပါးပျိုးခင်းကို သွားရောက်ကြည့်ရှုရာ မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

မိုးကြိုးထိမှန်သေဆုံးသူ ဦးမောင်ညွန့်သည် မေ ၃၁ ရက် မွန်းတည့် ၁၂ နာရီက ၎င်းနေထိုင်သည့် ကျွတ်ကန်ကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသော ၎င်း၏ စပါးပျိုးခင်းကို သွားရောက်ကြည့်ရှုရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ဦးမောင်ညွန့်၏ သားဖြစ်သူ မောင်ဇင်ကိုနှင့် အဖော်အဖြစ်ကိုရဲကျော်တို့က လိုက်လံရှာဖွေရာ ဦးမောင်ညွန့်မှာ မှောက်လျက်လဲကျပြီး ဦးခေါင်းထက်တွင် ဦးထုပ်စုတ်ပြဲ၊ ဆံပင်များလောင်ကျွမ်းပြီး လောင်ကျွမ်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သန်လျင် ဘုရားကုန်းကျေးရွာ၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိ

**ရန်ကုန် ဇွန် ၁**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မရဲစခန်းမှ ရဲအုပ်အောင်ဇော်မိုးသည် မေ ၃၁ ရက်ည ၁၁ နာရီခွဲတွင် ခေတ္တစခန်းမှူးတာဝန် ထမ်းဆောင်နေစဉ် ဘုရားကုန်းကျေးရွာအုပ်စု ဘာဘူဆန်စက်ဝင်းအတွင်း အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ၊ ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်အေးအေးကြွယ် အသက်(၅၄)နှစ် ကွမ်းခြံကုန်းကျေးရွာ ဘာဘူဆန်စက်ဝင်း၌ နေသူဖြစ်ပြီး ရိုက်နှက်ထိုးကြိတ်ခံထားရသော ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အလောင်းအား ရဲဆေးစာဖြင့် သန်လျင်အထွေထွေရောဂါကုဆေးရုံသို့ ပေးပို့စစ်ဆေးလျက်ရှိသည်။

အဆိုပါ သေဆုံးမှုအား သန်လျင်မြို့မရဲစခန်းက တရားခံအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

# ရပ်ထားသည့်ကားအား ဆိုင်ကယ်ဖြင့်တိုက်မိရာမှ လေးဦးသေဆုံး

**ဆိပ်ဖြူ ဇွန် ၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနော်ရထာတံတားချဉ်းကပ်လမ်းပေါ်၌ ကိုလင်း(ခ)ထွန်းလင်းအောင်မောင်နှင်သည့် 2C/ ---- ၁၂ ဘီးယာဉ်သည် မေ ၃၁ ရက် ည ၉ နာရီခွဲခန့်တွင် တံတားချဉ်းကပ်လမ်း၌ ရပ်ထားစဉ် မြင့်မောင်မောင်စိုးမောင်းနှင်ပြီး အောင်ကိုကိုမြင့်၊ အောင်မြင့်ကျော်၊ နေသူရဦး ဆိပ်ဖြူမြို့ မာလာမြိုင်ရပ်ကွက်နေသူတို့လိုက်ပါလာသည့် ဆိုင်ကယ်ဖြင့် ဝင်တိုက်မိရာ အောင်ကိုကိုမြင့် (၂၁)နှစ်၊ အောင်မြင့်ကျော်(၂၂)နှစ်၊ နေသူရဦး (၂၂)နှစ်တို့သည် နေရာ၌သေဆုံးသွားပြီး မြင့်မောင်မောင်စိုး(၂၁)နှစ်မှာ ပြင်းထန်သော ဒဏ်ရာများရရှိ၍ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက လူမှုကူညီရေးယာဉ်ဖြင့် ဆိပ်ဖြူပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြသည်။ မြင့်မောင်မောင်စိုးအား ဆိပ်ဖြူပြည်သူ့ဆေးရုံမှ ညတွင်းချင်း မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ရာ ဇွန် ၁ ရက် နံနက်ပိုင်းတွင် သေဆုံးသွားကြောင်းသက်ဆိုင်ရာမှ သတင်းရရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိပ်ဖြူမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုဖွဲ့(အညာမြေ)**

# မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ နှစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

**ဝါးခယ်မ ဇွန် ၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက်နေ ဦးမင်းမင်းလတ်၏ နေအိမ်၌ စိတ်ကြွမူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ မေ ၂၉ ရက် နံနက် ၁၀ နာရီက ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး သုံးစွဲရောင်းချသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဦးမင်းမင်းလတ်၏ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း၌ မင်းမင်းလတ်နှင့် သက်နိုင်တို့နှစ်ဦးအား တွေ့ရှိရပြီး အခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၅၅၀၊ အစိမ်းရောင်စိတ်ကြွဆေးပြား ခြောက်ပြား၊ ဆေးခြောက်ရွက် နှစ်ကျပ်လေးပဲသား၊ ငွေကျပ် ၂၀၀၀၀ နှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး တရားမဝင်လက်ဝယ်ထားရှိသုံးစွဲရောင်းချသူ မင်းမင်းလတ်(၄၅)နှစ်နှင့် သက်နိုင်(၂၄)နှစ်တို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



# ရီးယဲလ်ပရိသတ်များထက် မန်ယူပရိသတ်များရဲ့ အားပေးမှုပုံစံကို ပိုနှစ်သက်မိကြောင်း စီရိုနယ်လ်ဒို ဖွင့်ဟ



ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ဝေဖန်မှုများလွန်းသော ရီးယဲလ်ပရိသတ်များထက် မန်ယူပရိသတ်များရဲ့ ချစ်ခင်မှုအပြည့်ဖြင့် အားပေးပုံကို ပိုနှစ်သက်ကြောင်း ဖွင့်ဟလိုက်ပြီဖြစ်သည်။ သူက ရံဖန်ရံခါ ရီးယဲလ်ပရိသတ်များရဲ့ ကြမ်းတမ်းစွာ ဝေဖန်ပြောဆိုမှုများကို မုန်းတီးမိကြောင်း ဝန်ခံခဲ့ပြီး "တစ်ခါတလေ အိမ်ကွင်းမှာ ပွဲသိမ်းခရာမှုတ်ပြီး ပွဲကို နှောင့်ယှက်တဲ့ ပုံမှန်မဟုတ်တဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော် မနှစ်သက်ပါဘူး။ တကယ်ကို မကြိုက်ပါဘူး။ ကစားသမားတွေဟာ ကွင်းထဲမှာ အကောင်းဆုံးဖြစ်ဖို့ အားထုတ်နေကြတာချည်းပါ။ ပွဲသိမ်းခရာ မှုတ်လိုက်တာက ကောင်းတဲ့အကျိုးသက်ရောက်မှု မရှိဘဲ ကစားသမားတစ်ဦးရဲ့ အမှားကိုသာ ဖြစ်စေပါတယ်"ဟု ပြောကြားခဲ့သည်။

သူက မန်ယူနှင့် အင်္ဂလန်မြေကို လွမ်းဆွတ်မိပြီး သူ့အတွက် မမေ့နိုင်စရာ အမှတ်တရများ မန်ယူအသင်းတွင် များစွာရှိခဲ့သော်လည်း ရီးယဲလ်တွင်သာ ပျော်ရွှင်မှုရရှိနေကြောင်း ဆိုခဲ့သည်။ သူသည် အိုးထရက်ဖို့ဒ်တွင် ကစားခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားတို့ကို ဆွတ်ခူးခဲ့ပြီး မန်ယူအသင်းရဲ့ ထာဝရ အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။ စီရိုနယ်လ်ဒိုက ကွင်းအတွင်း ကစားသမားများ အခက်အခဲကြုံနေချိန် ပရိသတ်များ၏ အားပေးမှုကို လိုအပ်နေချိန်၌ လှောင်ပြောင်နေမှုများက ရလဒ်ကောင်းထွက်စေသည့် နည်းလမ်းမဟုတ်ကြောင်းလည်း မှတ်ချက်ပြုသည်။

စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်ရုပ်သံတို့ ပြုလုပ်တဲ့ အင်တာဗျူးအစီအစဉ်တွင် အသက် (၄၀) အထိ ဘောလုံးဆက်ကစားမည်လားဆိုသည်နှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ အသက်(၄၁)နှစ်အထိ ဘောလုံးဆက်ကစားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ စီရိုနယ်လ်ဒိုက ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ရင်ဆိုင်ရမည့် ဂျူဗင်တပ်မှာ အသင်းကောင်းဖြစ်သော်လည်း ရီးယဲလ်က ပိုကောင်းတဲ့ အသင်းဖြစ်တယ်ဆိုတာကို သက်သေပြရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ ရီးယဲလ်အသင်းတွင် ကစားခဲ့ဖူးသူ ဂျူဗီကွင်းလယ်လူ ခီဒီရာကလည်း သူ့အနေဖြင့် ရီးယဲလ် ပရိသတ်များရဲ့လေးစားမှုကို ဘယ်သောအခါကမှ ရရှိခဲ့ခြင်းမရှိကြောင်း ဆိုခဲ့သေးရာ ယင်းပြောစကားက စီရိုနယ်လ်ဒိုရဲ့ ယခုမှတ်ချက်စကားကို ထောက်ခံနေတဲ့ သဘောပင်ဖြစ်သည်။

## ချန်ပီယံလိဂ်သတင်းတိုများ

- ဂျူဗင်တပ်ကွင်းလယ်လူဟောင်း ပီယာလိုက ဂျူဗင်တပ်သာ ချန်ပီယံလိဂ်တွင် ဗိုလ်စွဲမည်ဆိုပါက ဘတ်ဖွန်အနေဖြင့် ဘလွန်းဒီအောဆု ရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပီယာလိုက ဘတ်ဖွန်မှာ ဘောလုံးလောက၏ စံပြကစားသမားတစ်ဦးဖြစ်ပြီး ဂျူဗင်တပ်အနေဖြင့် ဘတ်ဖွန်အတွက် ချန်ပီယံလိဂ်ဖလားကို ရယူစေလိုကြောင်း တိုက်တွန်းခဲ့သည်။
- ရီးယဲလ်နည်းပြ ဇီဒန်း၏ ရီးယဲလ်တွင် ရရှိနေသည့် အောင်မြင်မှုများအတွက် အံ့အားသင့်သလို ချီးကျူးမိခဲ့သော်လည်း ချန်ပီယံလိဂ်တွင် ဂျူဗင်တပ်အသင်းကိုသာ ဗိုလ်စွဲစေလိုကြောင်း ဇီဒန်း၏ ပြင်သစ်လက်ရွေးစင် အသင်းဖော်ဟောင်း ပီတစ်က ဆိုခဲ့သည်။ ပီတစ်က ရီးယဲလ်နည်းပြဘဝမှာ အင်မတန်ခက်ခဲသော်လည်း ဇီဒန်းမှာ လာလီဂါ၊ ချန်ပီယံလိဂ်ဖလားတို့ကို ရယူပြနိုင်ခဲ့သည့်အတွက် အင်မတန် အံ့အားသင့်မိကြောင်း ဆိုခဲ့သည်။
- ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာနှင့် ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ မည်သူဂိုးအရင်စသွင်းမည်လဲဆိုသည်ကို လောင်းကစားဒိုင်များက ကြေးဖွင့်လှစ်နေကြပြီး ဗိုလ်လုပွဲတွင် မိနစ် ၉၀ အတွင်း စီရိုနယ်လ်ဒို နှစ်ဂိုးသွင်းနိုင်မည်လား ဆိုသည်ကိုလည်း အွန်လိုင်းဘွတ်ကီများက ကြေးဖွင့်လှစ်ထားကြပြီဖြစ်သည်။
- ရီးယဲလ်ကွင်းလယ်လူ ကက်စီမီရိုက ဂါရတ်ဘေးလ်နှင့် အစ္စကိုတို့အနက် မည်သူကို ပွဲထွက်ခွင့်ပေးမည်လဲဆိုတာ မသိရှိကြောင်းနှင့် ဘယ်သူ့ကို ပွဲထွက်ကစားစေချင်သည် ဆိုသည်မှာလည်း ကစားသမားရဲ့ အလုပ်မဟုတ်ဘူးလို့ ရီးယဲလ်တောင်ပံတိုက်စစ် ပွဲထွက်မှုနှင့်ပတ်သက်ပြီး မေးမြန်းမှုကို ဖြေကြားခဲ့သည်။ ထို့ပြင် ကက်စီမီရိုက ဆုံးဖြတ်ခွင့်ရှိသူမှာ နည်းပြ ဇီဒန်းသာဖြစ်ပြီး အစ္စကိုနှင့် ဘေးလ်တို့နှစ်ဦးစလုံးလည်း တွဲဖက်ကစားနိုင်သည်ဟု ဆိုခဲ့သည်။
- ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ကာဒစ်မြို့ရှိ ရီးယဲလ်အသင်းတည်းခိုမည့် တစ်ရက် ၆၉ ပေါင် ကျသင့်မည့် မာကျူးဟိုတယ်တွင် အားကစားလေ့ကျင့်ရေးပစ္စည်းပေါင်းစုံ ပါဝင်နေသည်ကို တွေ့ရသည်။ အဆိုပါဟိုတယ်သည် ကာဒစ်မြို့လယ်တွင် တည်ရှိပြီး ဂျူဗင်တပ်အသင်းက အဆိုပါဟိုတယ်နှင့် ၂၅ မိနစ်အကွာ သွားရောက်ရသော ဖေးလ်ရီဆော့တွင် တည်းခိုမည်ဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်

## အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ နှစ်ဦးစလုံးကို ထုတ်ရောင်းခြင်းက အာဆင်နယ်အတွက် အမှန်ကန်ဆုံးနည်းလမ်းဖြစ်

အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့နှစ်ဦးဟာ အာဆင်နယ်အသင်းမှာ ဆက်နေရင် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်ဖလားတွေ ရယူနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်ထားသူများဖြစ်တဲ့အတွက် သူတို့နှစ်ဦးကို ထုတ်ရောင်းလိုက်ခြင်းကသာ နှစ်ဖက်စလုံးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်မယ်လို့ အာဆင်နယ်နောက်ခံလူဟောင်း မာတင်ကီယွန်က နှစ်ဖက်စလုံးအတွက် အကြံပြုလိုက်ပါတယ်။ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့ နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးပြီးချင်း ဒီကစားသမားနှစ်ဦးပေါင်း တစ်နှစ်လုပ်ခ ပေါင်သန်း ၃၀ နဲ့ ကမ်းလှမ်းမှုအသစ်ကို အရင်ဆုံး အကောင်အထည်ဖော်ခဲ့ပါတယ်။

အိုဇေးလ်အတွက် တစ်ပတ်လုပ်ခ ပေါင် ၂၈၀၀၀၀၊ ဆန်းချက်ဇ်အတွက် တစ်ပတ်လုပ်ခ ပေါင် ၂၇၅၀၀၀နဲ့ ကမ်းလှမ်းမှု အသစ်ပြုလိုက်တာပါ။ သူတို့နှစ်ဦးဟာ လက်ရှိ တစ်ပတ်လုပ်ခ ပေါင် ၁၄၀၀၀၀ သာ ရရှိပေမယ့် စာချုပ်သစ်ကို လက်မှတ်ရေးထိုးလိုက်ရင် မူရင်းလစာရဲ့ နှစ်ဆနီးနီး ရရှိလာမှာဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဦးစလုံးက တစ်ပတ်လုပ်ခ ပေါင် ၃၅၀၀၀၀ အနည်းဆုံးပေးချေမှ စာချုပ်သစ်ကို လက်မှတ်ရေးထိုးမယ်လို့ တုံ့ပြန်ခဲ့တာကြောင့် ကီယွန်က အခုလို ဆိုလိုက်တာဖြစ်ပါတယ်။

အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့ဟာ ရီးယဲလ်နဲ့ ဘာစီလိုနာအသင်းတွေကနေ ပြောင်းရွှေ့လာကြသူတွေ ဖြစ်ကြတဲ့အတွက် အာဆင်နယ်အသင်းဟာ သူတို့လိုချင်တဲ့ အောင်မြင်မှုကိုရရှိအောင် စွမ်းဆောင်နိုင်မှု မရှိဘူးလို့ ထင်မြင်နေတယ်လို့ ကီယွန်က စွပ်စွဲလိုက်ပါတယ်။ ကီယွန်ကတော့ ကစားသမားတစ်ဦးချင်းစီရဲ့ စွမ်းဆောင်မှုဟာ ကလပ်အသင်းနဲ့ နှိုင်းယှဉ်လို့မရတာကြောင့် သူတို့နှစ်ဦးကို ရောင်းချလိုက်ခြင်းကသာ အကောင်းဆုံးနည်းလမ်းလို့ အဆိုပြုလိုက်တာဖြစ်ပါတယ်။ အာစင်ဝင်းဂါး ကိုယ်တိုင်ကလည်း အာဆင်နယ်အနေနဲ့ ယခုနှစ်နွေဈေးကွက်အတွင်း အသင်းရဲ့ ကြယ်ပွင့်ကစားသမားအချို့ကို ဆုံးရှုံးဖွယ်ရှိတယ်လို့ ဝန်ခံထားပြီး အိုဇေးလ်၊ ဆန်းချက်ဇ်၊ လူးကပ်စ်ပီရက်ဇ်နဲ့ ကီရန်ဂစ်စ်ဘ်တို့လို့ နာမည်ထွက်လာပါတယ်။

## အင်္ဂလန်တွင် အီဗရာဟီမိုဗစ် ဆက်ရှိနိုင်သော်လည်း မန်ယူအတွက်မဟုတ်ဘဲ တခြားအသင်းတစ်ခုဖြစ်နိုင်သည်ဟု ရိုင်လိုလာဆို

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်အတွက် ကမ်းလှမ်းမှုမြောက်မြားစွာ ရရှိထားပြီး အင်္ဂလန်တွင် မိုဗစ် ဆက်ရှိနိုင်သော်လည်း မန်ယူမဟုတ်ဘဲ အခြားအသင်းတစ်ခုလည်း ဖြစ်နိုင်တယ်လို့ အီဗရာဟီမိုဗစ်ရဲ့ အေးဂျင့်ဖြစ်သူ ရိုင်လိုလာက အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားလိုက်သည်။ ရိုင်လိုလာနဲ့ အီဗရာဟီမိုဗစ်တို့ တွေ့ဆုံဆွေးနွေးမှုပြုခဲ့အပြီးတွင် ရိုင်လိုလာက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ရိုင်လိုလာက မန်ယူတွင် မိုဗစ် ဆက်ရှိနိုင်သော်လည်း ဘာတစ်ခုကိုမျှ အတည်ပြုနိုင်တဲ့ အခြေအနေမဟုတ်ဘဲ ကမ်းလှမ်းထားတဲ့ အသင်းများစွာထဲတွင် အင်္ဂလန်ကလပ်အသင်းများစွာ ပါဝင်နေတယ်ဆိုတာကို ရိုင်လိုလာက အတည်ပြုခဲ့ခြင်းဖြစ်သည်။

မိုဗစ်မှာ လအတန်ကြာ အနားယူရမည်ဖြစ်ပြီး အစောဆုံး နိုဝင်ဘာလရောက်မှသာ ပြန်လည်ကစားနိုင်မည်ဖြစ်ရာ မန်ယူအတွက် ၂၀၁၃ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူပေးရန် စိတ်အားထက်သန်နေတဲ့ မော်ရင်ဟိုအတွက် ဘဝင်မကျစရာဖြစ်နေသည်။ သတင်းရင်းမြစ်များရဲ့အဆိုအရ မန်ယူနည်းပြ မော်ရင်ဟိုက မိုဗစ်ကို စောင့်ဆိုင်းခြင်းထက် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်း(သို့မဟုတ်) အဲဗာတန်တိုက်စစ်မှူး လူကာကူတို့နှစ်ဦးထဲမှတစ်ဦးကို အစားထိုးရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် မိုဗစ်အား ယခင် တစ်နှစ် သက်တမ်းတိုးစာချုပ် ကမ်းလှမ်းမှုကို မန်ယူဘက်မှ ပြန်လည်ရုပ်သိမ်းရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ သို့သော် အက်သလက်တီကို အသင်းရဲ့ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရခြင်းက ဂရစ်ဇ်မန်းရဲ့ မန်ယူသို့ ပြောင်းရွှေ့လိုတဲ့ဆန္ဒအတွက် အဓိက အတားအဆီးတစ်ရပ်ဖြစ်နေသည်။ အက်သလက်တီကိုက ဂရစ်ဇ်မန်းကို ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသော်လည်း ကာယကံရှင်ကိုယ်တိုင်က ၎င်းကို အက်သလက်မှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း သတင်းများ ထွက်လာခဲ့သေးသည်။

သို့သော် ဂရစ်ဇ်မန်းက ဟွာဝေးနည်းပညာကုမ္ပဏီအတွက် ရိုက်ကူးခဲ့တဲ့ ကြော်ငြာတွင် ဂျို့စ်မော်ရင်ဟိုထံမှ လာတဲ့ဖုန်းကို မကိုင်ဘဲ ချလိုက်တယ်ဆိုသည့်အခန်းကို ထည့်သွင်းရိုက်ကူးခဲ့ပြီး တွစ်တာစာမျက်နှာပေါ်တင်ခဲ့ရာ မန်ယူသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်းကို အရိပ်အမြွက်ပြသလိုက်ခြင်းဖြစ်တယ်လို့ The Sun သတင်းဌာနက ကောက်ချက်ချသည်။



မန်ယူနည်းပြ မော်ရင်ဟိုက ဂရစ်ဇ်မန်းနှင့် ပါရီဆစ်တို့ကို ဦးစားပေးအဖြစ် ခေါ်ယူမည်ဖြစ်ပြီး မာရှယ်လ်နှင့် မိုဗစ်တို့ကို လက်လွှတ်ခံရန် ဆန္ဒရှိနေသည်။ မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကမ္ဘာ့ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ပြင်ဆင်နေပြီး အခြားတစ်ဖက်တွင် ယူအီးအက်ဖ်အေရဲ့ ဘဏ္ဍာရေးစည်းမျဉ်းကို လိုက်နာရမည်ဖြစ်သဖြင့် ကစားသမားအချို့ကို ပြန်လည်ရောင်းချရမည်ဖြစ်ရာ မာရှယ်လ်ကို မော်ရင်ဟိုက အရောင်းစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက မာရှယ်လ်ကို အနိုင်ရလိုစိတ်နည်းပါးသူဟု ဝေဖန်ခဲ့ပြီးနောက် သူတို့နှစ်ဦးကြား ဆက်ဆံရေးတင်းမာမှုရှိခဲ့ရာ ယင်းအခြေအနေကို အခွင့်ကောင်းယူကာ မိုနာကိုနဲ့ ပီအက်စ်ဂျီတို့မှ မာရှယ်လ်ကို ချိတ်ဆက်လာခြင်းဖြစ်သည်။ မန်ယူသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့သော်လည်း ပေါ့ဘာ၊ အီဗရာဟီမိုဗစ်၊ အမ်ခီတာယန်နှင့် ဘိုင်လီတို့ကို လာရောက်ကစားရန် ခေါ်ယူနိုင်ခဲ့ရာ ယခုနှစ်နွေဈေးကွက်တွင် နာမည်ကြီး ကစားသမားသစ်များကို ရအောင်ခေါ်ယူသွားဖွယ်ရှိနေသည်။

# သိမ်းဆည်းခံလယ်ယာမြေများကို တောင်သူတွေလက်ထဲပြန်ရောက်အောင် လုပ်ပေးသွားမည်ဟု ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် ပြောကြား



**စစ်ကိုင်း ဇွန် ၁**
“သိမ်းဆည်းခံလယ်ယာမြေများကို တောင်သူတွေလက်ထဲပြန်ရောက်အောင် အတတ်နိုင်ဆုံးပြန်ရအောင် ကျွန်တော်တို့လုပ်သွားမှာပါ။ တာဝန်ထမ်းဆောင်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေနဲ့ လမ်းပန်းနဲ့ လျှပ်စစ်ကို အဓိကထားဆောင်ရွက်နေပါတယ်။ ပွင့်လင်းလာတဲ့အတွက် တိုင်းဒေသကြီးအစိုးဆီရောက်လာတဲ့ တိုင်စာတွေများလာပါတယ်။ အဲဒီအပေါ်မှာလည်း ပြေလည်အောင်ဖြေရှင်းဆောင်ရွက်နေပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မေ ၃၁ ရက်တွင် တိုင်းဒေသကြီးအစိုးရရုံးခန်းမ၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဂတိကင်းစင်သောအစိုးရတစ်ရပ်ဖြစ်ရေး များစွာကြိုးစားလျက်ရှိနေရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တိုင်ကြားကြရန် အားလုံးကို တံခါးဖွင့်လှစ်ထားကြောင်း၊ မတရားသည့်အမှုလုံးဝမရှိရန်ဆောင်ရွက်နေပြီး မည်သူ့မျက်နှာမှထောက်စရာမလိုဘဲ တရားသည့်အမှုကိုသာ ဆောင်ရွက်ရန်ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ်က ထည့်သွင်းရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားကာ တစ်နှစ်တာဆောင်ရွက်ခဲ့မှုများကို တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောသတင်းမီဒီယာများ၏ မေးမြန်းမှုကို တိုင်းဒေသကြီးအစိုးရ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းနှင့် ဥပဒေချုပ်ဦးခင်မောင်လှတို့က ဖြေကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမှုကြီး ၂၃၁ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၂၈၁ မှုဖြစ်ပွားခဲ့သည့်အတွက် အမှု ၅၀ ပိုမိုအရေးယူနိုင်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၏ ရှင်းလင်းဆွေးနွေးခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ်ကထက် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အခြားအမှု ၁၆၀၀ နှင့်ကြိုတင်ကာကွယ်မှု ၁၀ မျိုး၊ အရေးယူမှုတွင် ၄၅၂၂ မှု ပိုမိုအရေးယူနိုင်ခဲ့ကြောင်း ဦးစိုးဦးက ရှင်းလင်းပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရှားပါးသွားသော မှန်ပန်းချီပညာကို ဆက်လက်ထိန်းသိမ်းထား



**မန္တလေး ဇွန် ၁**
ရှားပါးသွားပြီဖြစ်သော မှန်ပန်းချီကို ပုလင်းပန်းချီပညာရှင် ဦးချစ်မြက ဆက်လက်ထိန်းသိမ်းထားပြီး အနယ်နယ်အရပ်ရပ်သို့ လိုက်လံရေးဆွဲပေးလျက်ရှိသည်။

မှန်ပန်းချီရေးဆွဲနည်းမှာ ကင်းဘတ်ပေါ်တွင် ရေးဆွဲသည့်နည်းနှင့် ကွဲလွဲသည်။ မှန်ပန်းချီမှာ ရေးသည့်ဘက်မှမလှဘဲ မရေးသည့်ဘက်မှလှအောင် ရေးဆွဲသည့်နည်းစနစ်ပင်ဖြစ်သည်။ မှန်ပန်းချီကို အခြေခံကာ ပုလင်းပန်းချီများကိုပင် ရေးဆွဲလေ့ရှိသည်။ လက်ရှိကာလတွင် မှန်ပန်းချီကို နိုင်ငံခြားမှပညာရှင်များက စာတမ်းပြုစုမည်ဖြစ်သည့်အတွက် အမေရိကအထိသွားကာ ပြပွဲများတွင် သရုပ်ပြရေးဆွဲပေးရမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၁၉၈၀ ခုနှစ်လောက်တွင် ပုလင်းပန်းချီပညာရှင် ဦးချစ်မြက မှန်ပန်းချီများကို တစိုက်မတ်မတ် ရေးဆွဲခဲ့ရသည်။ ၁၉၈၀ မှ ၁၉၉၀ အထိ ဆယ်နှစ်တိတိ မှန်ပန်းချီရေးဆွဲကာ နိုင်ငံခြားအထိ တင်ပို့ပေးခဲ့သည်။ အထူးသဖြင့် တရုတ်ပြည်သို့တင်ပို့ရန်အတွက် တရုတ်ရိုးရာလိုင်းများ၊ ပြည်တွင်းအတွက် နိပါတ်ပန်းချီများ၊ ရှုခင်းပန်းချီများကို တစိုက်မတ်မတ်ရေးဆွဲခဲ့သည်။ နောက်ပိုင်းတွင် မှန်ကုန်ကြမ်းအခက်အခဲရှိခြင်း၊ ပုလင်းပန်းချီကိုလေ့ကျင့်ရေးဆွဲခြင်းများကြောင့် မှန်ပန်းချီကိုရေးဆွဲတင်ပို့မှု မပြုလုပ်တော့ပေ။

လက်ရှိကာလတွင် ပုလင်းပန်းချီဦးချစ်မြမှာ ရှားပါးသွားသော မှန်ပန်းချီကို ဆက်လက်ထိန်းသိမ်းထားသည်။ အနယ်နယ်အရပ်ရပ် ဘုန်းတော်ကြီးကျောင်းများတွင် လိုက်လံရေးဆွဲပေးလျက်ရှိသည်။ မှန်ပန်းချီကို ဘုန်းတော်ကြီးကျောင်းဘုရားခန်းများတွင် မှန်ပန်းချီရေးဆွဲပြီး မှန်စီရွှေချပုံစံထားခြင်းများ ပြုလုပ်သလို ရိုးရိုးပန်းချီကားများကဲ့သို့ပင် ပေါင်သွင်းကာ ချိတ်ဆွဲခြင်းများပြုလုပ်ကြသည်။

ယခုအခါ မန္တလေးမြို့ အမရပူရမြို့နယ်မှ ပုလင်းပန်းချီပညာရှင် ဦးချစ်မြမှာ မှန်ပန်းချီကို ဆက်လက်ထိန်းသိမ်းရေးဆွဲလျက်ရှိသည်။ မကြာမီ အမေရိကသို့သွားရောက်ကာ မှန်ပန်းချီသုတေသနအတွက် လက်တွေ့ရေးဆွဲပေးရန် သွားရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ကျောက်မျက်ရောင်းဝယ်ရေးစခန်းသို့ ပြည်ပဝယ်လက်များဝင်ရောက် ဖားကန့်ဒေသမိုးများ၍ ကျောက်စိမ်းအသားကျောက် အဝင်နည်း

**မဟာအောင်မြေ ဇွန် ၁**
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းသို့ တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ) မှ ကျောက်ရောင်းဝယ်သူများ ပြန်လည်လာရောက်ကြသဖြင့် ဈေးကွက်ရောင်းသူဝယ်သူများဖြင့် ပြန်လည်စည်ကားစပြုလာသည်။ နံနက်မိုးမလင်းခင်ဖွင့်သော ပျံကျမီးထိုးဝိုင်းတွင်လည်း ဖားကန့်၊ လုံးခင်း၊ ခန္တီးဒေသများမှ ကျောက်များအား တစ်ပိုင်တစ်နိုင်လာရောက်ရောင်းချကြရာ ပြည်တွင်းမှ ကျောက်ပွဲစားများ၊ လက်ကောက်၊ ပုတီးလုပ်ကိုင်သည့် စစ်ကိုင်းကျောက်မျက်ဝိုင်းမှ ကျောက်သွေးကျောက်ဖြတ်လုပ်ငန်းရှင်များ လာရောက်ဝယ်ယူကြသည်။

တရုတ်ငွေလဲလှယ်နှုန်းမှာလည်း အတက်ဘက်သို့ ဦးတည်လာသဖြင့် တရုတ်နိုင်ငံမှ ဝယ်လက်များ လက်ကောက်နှင့် အပွင့်ဝယ်ယူမှုများလာသည်။ လွှာချပ်ဝိုင်းတွင် ပြည်တွင်းဝယ်လက်များသာ လာရောက်ကြပြီးအရောင်းအဝယ်အေးလျက်ရှိသည်။ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်၊ လုံးခင်းဒေသတွင် မိုးရာသီရောက်ရှိလာသဖြင့် လုပ်ကွက်အချို့ ရေဝင်ခြင်းများကြောင့် တူးဖော်ရေးလုပ်ငန်းများ နှောင့်နှေးပြီး အထွက်လျော့လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးဒေသတွင်လည်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများနှင့် တစ်ပိုင်တစ်နိုင် ကျောက်စိမ်းတူးဖော်သူများ၊ ရေမဆေးကျောက်ရှာဖွေသူများ ပြဿနာများဖြစ်ပွားခဲ့သဖြင့် တူးဖော်ထုတ်လုပ်ခွင့်များ ယာယီရပ်နားထားကြရာ ကျောက်အထွက်လျော့နည်းလျက်ရှိသဖြင့် မန္တလေးဈေးကွက်ရှိ ကျောက်စိမ်းအသားကျောက်များ ဈေးတင်ရောင်းချနေကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေးအလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**မန္တလေး ဇွန် ၁**
လူမှုဖူလုံရေးအဖွဲ့ မန္တလေးအလုပ်သမားဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်နွဲ့ဌေးဦးဆောင်ပြီး သမားတော်ကြီးဒေါက်တာအောင်စိုးမင်း၊ မျက်စိအထူးကုဒေါက်တာစန္ဒာမြင့်၊ အရိုးအထူးကု ဒေါက်တာယုမင်းနား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဒေါက်တာချိုဇင်ထိုက်၊ ခွဲစိတ်အထူးကုဒေါက်တာဝင်းညွန့်မောင်၊ သားဖွားမီးယပ်အထူးကု ဒေါက်တာစန်းစန်းမြင့်၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာအောင်မြင့်မြတ်၊ အကြောအဆစ်ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့သည် မေ ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဌာန ၁၄ ခုရှိ လူမှုဖူလုံရေးဝင်ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မန္တလေးအလုပ်သမားဆေးရုံကြီး အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့်အတူ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော သုခမင်္ဂလာအဆင့်မြင့်ဓာတ်ခွဲခန်းယာဉ် (Mobile Medical Unit) ယာဉ်မှလည်း လူမှုဖူလုံရေးဝင်ဝန်ထမ်းများအား အသည်းရောင်အသားဝါရောဂါ၊ ဆီးချိုသွေးချိုရောဂါများ ရှိ၊ မရှိ သွေးဖောက်စစ်ဆေးခြင်း၊ ဆီး၊ ဝမ်း၊ သလိပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Mobile Medical Unit ယာဉ်သည် မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံ၊ ဌာနများသို့သွားရောက်၍ ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ**




**အောင်မြေသာစံ ဇွန် ၁**
စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO GMP Guide Line) နှင့်အညီ စံချိန်မီထုတ်လုပ်ထားသော BPI ဆေးဝါးများအရောင်းဆိုင်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၂) လမ်း၊ (၈၀) လမ်းနှင့် (၈၁) လမ်းကြား စက်မှုဝန်ကြီးဌာန ဧည့်ရိပ်သာ (ယခင်ကျောက်ပြားစက်ရုံ) ဝင်းအတွင်းတွင် မေလနောက်ဆုံးပတ်မှ အရောင်းဆိုင်ဖွင့်၍ ပြည်သူများအားဈေးနှုန်းမှန်ကန်စွာ အရည်အသွေးမီ BPI ဆေးများအား လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာန BPI ဆေးဝါးအရောင်းဆိုင်တွင် ဆေးဝါးစက်ရုံ (အင်းစိန်) မှ ထုတ်လုပ်သော အားဆေးများ၊ ပဋိဇီဝဆေးများ၊ ထိုးဆေးများ၊ ဓာတ်ဆားများ၊ အရက်ပြန်များကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လွတ်လပ်စွာရောင်းချပေးလျက်ရှိသည်။

BPI ဆေးဝါးအရောင်းဆိုင်များအား နေပြည်တော်၊ ရန်ကုန်၊ တောင်ကြီး၊ မကွေး၊ မုံရွာမြို့တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် မွာလ်ဇန်ကွဲချောင်းကားကူးကြိုးတံတား ကြည့်ရှုစစ်ဆေး



**တီးတိန် ဇွန် ၁**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး လိုက်ပါလျက် ဇွန် ၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ရှိ မွာလ်ဇန်ကွဲချောင်းကားကူးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီအတွင်း မွာလ်ဇန်ကွဲချောင်း ကားကူးကြိုးတံတားနှင့် ခိုင်ကမ်းမြို့အား ရေတိုက်စားလွှမ်းမိုးမှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မွာလ်ဇန်ကွဲချောင်း ကားကူးကြိုးတံတားသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ခြင်းဖြစ်ပြီး ခိုင်ကမ်းမြို့ အမှတ် ( ၁၊ ၂၊ ၃ ) ရပ်ကွက်များနှင့် အမှတ် (၄) ရပ်ကွက်ကြား ပေါင်းကူးပေးသည့် ကြိုးတံတားဖြစ်ကြောင်း၊ တံတားသည် အလျား ပေ ၂၁၀၊ အနံ ၁၀ ပေ ဖြစ်ပြီး ခံနိုင်ဝန်မှာ ယာဉ် ၅ တန်၊ ကုန် ၅ တန်ဖြစ်ကြောင်း သိရသည်။

**မြို့ပြန်/ဆက်**

## ပွင့်ဖြူမြို့နယ်အတွင်း အခြေခံပညာကျောင်း(၂၉)ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပွင့်ဖြူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၂၉ ကျောင်းကို အဆင့်တိုးမြှင့်၍ ဇွန် ၁ ရက်မှစတင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခြေခံပညာကျောင်း အ-ထ-က(ခွဲ)မှ အ-ထ-က အဆင့်သို့ နှစ်ကျောင်း၊ အ-လ-က မှ အ-ထ-က(ခွဲ) သို့ တစ်ကျောင်း၊ အ-လ-က(ခွဲ)မှ အ-လ-ကအဆင့်သို့ ၁၂ ကျောင်း၊ မူလွန်ကျောင်းမှ အ-လ-က(ခွဲ)အဆင့်သို့ သုံးကျောင်း၊ အ-မ-ကမှ မူလွန်အဆင့်သို့ ရှစ်ကျောင်း၊ အ-မ-က(ခွဲ)မှ အ-မ-က အဆင့်သို့ နှစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းမှ အ-မ-က(ခွဲ)အဆင့်သို့ တစ်ကျောင်း စုစုပေါင်း ၂၉ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနေလျက်ရှိရာ ကျောင်းသားဦးရေနှင့် ဆရာဦးရေ မျှတရေးအတွက် ပညာရေးဝန်ထမ်းများလည်း တိုးမြှင့်ခန့်ထားပေးကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား မိဘကိုယ်စား စေတနာထားပညာသင်ကြားပေး

**မြစ်ကြီးနား ဇွန် ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများက ကချင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား ပညာသင်ကြားရာတွင် မိဘများကိုယ်စား စေတနာထား၍ ပညာသင်ကြားပေးလျက်ရှိရာ ဇွန် ၁ ရက်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ဌာနတွင်ရှိ ဆရာဆရာမများက ကျောင်းအသီးသီးသို့ စနစ်တကျ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား ပြုစုပျိုးထောင် ပညာသင်ကြားပေးမှုနှင့် ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၂) (အမျိုးသား)ကျောင်းအုပ် ဦးမိုင်းကျော်လွင်ဦးက "ကျွန်တော်တို့ကျောင်းကို ၂၀၀၅ ခုနှစ်က စတင်ပြီး အခုတည်ရှိရာ ပမ္မတီးရပ်ကွက်မှာ စတင်ဖွင့်လှစ်ခဲ့ကာ တက္ကသိုလ်ဝင်တန်းအဆင့်အထိ အောင်မြင်သွားသူ ၆၉ ဦးရှိပြီး အခုဆိုရင် နိုင်ငံတော်အစိုးရရဲ့ လိုအပ်တဲ့ဌာနဆိုင်ရာတွေမှာ တာဝန်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ အလယ်တန်းအဆင့် ကျောင်းသား ၁၀၀ နဲ့ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၆၃ ဦး တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူ ၁၆ ဦး ရှိပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁) (အမျိုးသမီး) ကျောင်းတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်ကျောင်းသူ ၈၉ ဦးနှင့် အထက်တန်းအဆင့် ကျောင်းသူ ၄၂ ဦး တက်ရောက်မည်ဖြစ်ကာ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုထားသူ ကျောင်းသူ ၂၃ ဦး ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီအောင်ထံမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် ဝေးလံခေါင်ဖျားပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအား စာပေအတတ်ပညာများ သင်ကြားပေးရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစသည့် လိုအပ်ချက်များအား လိုလေသေးမရှိ ဘက်စုံထောင့်စုံမှ ပံ့ပိုးကူညီကာ မိဘများကိုယ်စား သား၊ သမီးရင်းချာကဲ့သို့ ပညာသင်ကြားပေးလျက်ရှိကြောင်း ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ထွန်းခိုင်ထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



## မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းသားများ ကျန်းမာရေးအတွက် တစ်နှစ်လျှင် သိန်း နှစ်ရာခန့်အသုံးပြု

**မြစ်ကြီးနား ဇွန် ၁**

မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တစ်နှစ်လျှင် ငွေကျပ်သိန်းနှစ်ရာဝန်းကျင်ခန့် အသုံးပြုနေကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်မှာ အထွေထွေရောဂါကုသရေးအတွက်သာလျှင်ဖြစ်ကြောင်း မြစ်ကြီးနားအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းမောင်က ပြောသည်။

"အကျဉ်းသားတွေရဲ့ ပုံမှန်ဖြစ်ပွားလေ့ရှိတဲ့ရောဂါတွေကို ကုသဖို့ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်က တစ်နှစ်ကို ကျပ်သိန်း ၁၅၀ နဲ့ ၂၀၀ ကြားမှာကုန်တယ်။ ပျမ်းမျှခြင်းတစ်လကို သိန်း ၂၀ ဝန်းကျင်လောက်အသုံးပြုရတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းမောင်က ပြောသည်။

HIV ပိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူများနှင့် တီဘီရောဂါဝေဒနာရှင်များကို ကမ္ဘာ့ဆရာဝန်များ အဖွဲ့၊နယ်စည်းမခြားဆရာဝန်များအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ NAP တို့မှ လာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်အတွက် မြစ်ကြီးနားဆေးရုံမှ ဆေးရုံအုပ်ကြီးထံမှ ခွင့်ပြုချက်ဖြင့် တစ်လလျှင် ဆရာဝန်တစ်ဦးစီ အလှည့်ကျလာရောက်ကုသမှုပေးနေကြောင်း၊ အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်ကို ပြည်ထောင်စုရန်ပုံငွေမှ ကျခံပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွင်းက မြစ်ကြီးနားအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကျပ်သိန်း ၁၈၀ ကျော်အသုံးပြုခဲ့ကြောင်းသိရပြီး လက်ရှိအချိန်တွင် ဆရာဝန်တစ်ဦး၊ ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမနှစ်ဦးနှင့် သူနာပြုနှစ်ဦးတို့က အကျဉ်းသားများ၏ ကျန်းမာရေးကို တာဝန်ယူစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မြစ်ကြီးနား ထောင်အတွင်းတွင် ထောင်ဆေးရုံရှိသော်လည်း လိုအပ်ပါက မြစ်ကြီးနားဆေးရုံကြီးသို့ပို့အပ်၍ ကုသမှုပေးကြောင်း သိရသည်။

အကျဉ်းသားများ ကျန်းမာရေးစရိတ်အတွက် ပုဂ္ဂလိကအလှူရှင်များက သီးသန့်လာရောက်လှူဒါန်းခြင်းမျိုး မရှိသေးကြောင်းသိရပြီး အကယ်၍လှူဒါန်းလိုပါက လာရောက်လှူဒါန်းနိုင်ကြောင်း၊ လက်ရှိ မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းကျခံနေသူ စုစုပေါင်း သုံးထောင်ကျော်ရှိကြောင်း တာဝန်ခံ ထောင်ပိုင်ကြီး၏ ပြောကြားချက်များအရသိရသည်။

EPN

## ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း ၇၅၈ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရ

**စစ်ကိုင်း ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၇၅၈ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့သဖြင့် ကျေးလက်ဒေသနေ ကျောင်းနေရွယ်ကလေးငယ်များ ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအခြေခံညာဦးစီးဌာနမှ သိရသည်။

တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိသည့် ကျောင်းများအဖြစ် အခြေခံပညာအထက်တန်းကျောင်း ၄၃ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၂၅ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၄၄ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၁၀၈ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၁၉၂ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၉၉ ကျောင်းနှင့် အခြေခံမူလတန်းကျောင်း(ခွဲ) ၄၇ ကျောင်း စုစုပေါင်း ၇၅၈ ကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်မှာ အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်တဲ့ ခေတ်မီပညာရပ်တွေကို ဘက်စုံကျွမ်းကျင်ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရေးနယ်ပယ်မှာ ပေါ်ထွက်လာစေရေး ပြုစုပျိုးထောင်ပေးဖို့သာမက နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အထောက်အကူဖြစ်စေဖို့အတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေရဲ့ လိုအပ်တဲ့နေရာတွေမှာ အခြေခံပညာကျောင်းတွေကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးတာပါ" ဟု တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အခြေခံပညာအထက်တန်းကျောင်း ၁၉၉ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၅၉ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၂၂၉၈ ကျောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ကျေးလက်ဒေသနေကလေးငယ်များ ပညာသင်ကြားခွင့် ပိုမိုရရှိစေရန်အတွက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၂၂၅ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၁၇၅ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၈၄၄ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့သဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဘွဲ့ရလူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိသည့်အပြင် အဆင့်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိသည့် မြို့နယ်များမှ မြို့ပေါ်၊ ကျေးလက်ဒေသနေ ကလေးငယ်များ အဆင့်လိုက်ပညာရပ်များကို တိုးချဲ့သင်ယူခွင့်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(တတိယမူကြမ်း) အပေါ် ပြည်သူများ၏သဘောထားအမြင်နှင့်အကြံဉာဏ်များ ရယူရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇွန် ၁**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ပြည်သူများ၏သဘောထားအမြင်နှင့် အကြံဉာဏ်များရယူရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်များနှင့် မြန်မာ့လယ်ယာကဏ္ဍမူဝါဒ ၂၀၁၆ ခုနှစ် အနာဂတ်လားရာအမြင်နှင့် စိုက်ပျိုးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာမူဘောင်ကို အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးအဖွဲ့ခေါင်းဆောင် ဦးညွန့်ခင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်က ပဲခူးတိုင်းဒေသကြီး၏လယ်ယာ၊ သားငါး၊ ကျေးလက်ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့အား ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ချက်များကိုလည်းကောင်း၊ ဆွေးနွေးပွဲပံ့ပိုးကူညီသူ ဒေါ်မိုးသူဇာမောင်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုအဓိကလိုအပ်ချက် (Key Issues) များအလိုက် ဆွေးနွေးရန်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်ကြသူများအား အဖွဲ့ငယ်များဖွဲ့ကာ သတ်မှတ်ခေါင်းစဉ်များအလိုက် စားပွဲဝိုင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**



# ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍သတင်းစာရှင်းလင်း

**ဘားအံ ဇွန် ၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို မေ ၂၉ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြည်နယ်အစိုးရ၏ အဓိကရည်ရွယ်ချက်မှာ ပြည်နယ်အတွင်း အခြေခံလူတန်းစားနှင့် အားလုံးအတွက် မီးရရှိရေးဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် ခုနစ်မြို့နယ်ရှိသည့်အနက် သုံးမြို့နယ်သာ လျှပ်စစ်မီးရရှိပြီး ကျန်ရှိသည့်လေးမြို့နယ်မှာ မီးမရရှိသေးကြောင်း၊ ပြည်နယ်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း မီးရရှိမှု ၂၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ယခင် လမ်းများနှင့်မတူ ကောင်းမွန်လာသည့်လမ်းများကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ယခင်ကထက်အရည်အသွေးကောင်းမွန်သည့် အဆောက်အအုံများကိုရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယခင်အသုံးမပြုခဲ့သော ပလပ်မြေ၊ မြေရိုင်းများကို ဖော်ထုတ်အသုံးချနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင်ဂုဏ်ယူစရာကောင်းသည့် လုပ်ငန်းတစ်ခုကို ကရင်အမျိုးသားများက ကရင်ပြည်နယ်အနေဖြင့် ဆောင်ရွက်ထားပါကြောင်း အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းမီဒီယာသမားများ၏ မေးမြန်းမှုများအပေါ် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသားနှင့် အမျိုးသမီး လက်ရည်စစ်ပြိုင်ပွဲ ဆုချီးမြှင့်



**ပုလော ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ (ဖလား) မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီး လက်ရည်စစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၂ နာရီက ပုလောမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို မေ ၂၇ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သော သရက်ချောင်းမြို့နယ်ကို တံခွန်စိုက်ဆုဖလား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် အမျိုးသမီး လက်ရည်စစ်ပြိုင်ပွဲ (၄၅)၊ (၄၈)၊ (၅၁) ကီလိုတန်းနှင့် အမျိုးသားလက်ဝှေ့ပြိုင်ပွဲ (၄၈)၊ (၅၁)၊ (၅၄)၊ (၅၇)၊ (၆၀)၊ (၆၃ ဒသမ ၅)၊ (၆၇) ကီလိုတန်းတို့တွင် ဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်၌ကျင်းပ

**ပုသိမ် ဇွန် ၁**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒုတိယတိုင်းဒေသကြီးကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက အမှာစကားပြောကြားရာတွင် ရှေးအစဉ်အဆက်ကပေါ်ထွန်းခဲ့သော စာဆိုများ၏ ရေးဖွဲ့ထားခဲ့သည့်စကားစုများအကြောင်းနှင့် သက်ကြီးရွယ်အိုများ မဆင်မခြင် ဆေးလိပ်သောက်သုံးမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့်ရောဂါများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဖေအောင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ဆေးလိပ်မသောက်ရေးနေ့နှင့်ပတ်သက်၍ ပြသထားသည့် ပြခန်းငယ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်ကြီးများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်**

# ပခုံးနာကျင်မှုရောဂါအကြောင်းဉာဏ်သစ်လောင်းပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် ပခုံးနာကျင်မှုရောဂါအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်၍ အကြောအဆစ်ဆရာဝန်များ၊ အကြောကျွမ်းကျင်ပညာရှင်များ၊ ခြေတုလက်တုကျွမ်းကျင်ပညာရှင်များ၊ သူနာပြုများ၊ ဆေးကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **ကြေးမုံ**

# ဂျူဒိုမိသားစု တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်၌ကျင်းပမည်

**ရန်ကုန် ဇွန် ၁**

မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်းတိုးတက်ရေးအတွက်ရည်ရွယ်၍ ဂျူဒိုအားကစားကို အထောက်အကူပြုနိုင်မည့် မျိုးဆက်သစ်အားကစားမောင်မယ်များကို မိမိတတ်စွမ်းထားသည့် အတွေ့အကြုံကောင်းများ၊ နည်းစနစ်များကို ပြန်လည်မျှဝေလိုခြင်း၊ အကြံဉာဏ်ကောင်းများပေးခြင်းနှင့် ဂျူဒိုမိသားစုများ တစုတဝေးတည်း တွေ့ဆုံဆွေးနွေးလိုခြင်းရည်ရွယ်၍ ဆရာဦးဘဟိန်း မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး(ငြိမ်း) ဦးဆောင်ကာ ဂျူဒိုလက်ရွေးစင်အားကစားသမားဟောင်းများ၊ ဂျူဒိုနှင့်ပတ်သက်သည့်လုပ်ကိုင်ဖူးသူများ၊ နည်းပြများအပြင် ဂျူဒိုကစားဖူးသူတိုင်း မည်သူမဆို မပျက်မကွက်တက်ရောက်ပေးပါရန်နှင့် ဆက်သွယ်ရန်ဖုန်း ၀၉ ၄၅၂၆၀၂၉၉၂၊ ၀၉ ၅၁၉၇၁၄၉၊ ၀၉ ၂၅၀၃၄၅၂၁၉၊ ၀၉ ၄၃၀၈၅၈၇၄ နှင့် ၀၉ ၅၁၇၉၄၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး တွေ့ဆုံဆွေးနွေးပွဲအား ဇွန် ၄ ရက် နံနက် ၁၀ နာရီတွင် ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန် ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မှူး**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ထားဝယ်၌ကျင်းပ

**ထားဝယ် ဇွန် ၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သတ်မှတ်ပြီး ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုအန္တရာယ်ကို ပြည်သူလူထုသတိပြု ရှောင်ကြဉ်ကြရန်ရည်ရွယ်ကာ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ Diamond Crown Hotel ခန်းမ၌ ပြုလုပ်သည်။




ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာနိုင်ငံ ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်လာခဲ့သည်ဟု သိရှိရပါကြောင်း၊ အခြေခံရေးဆွဲထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် ‘Tobacco a threat to development’ ဟုသတ်မှတ်ထားကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မြန်မာဘာသာဖြင့် “ဖွံ့ဖြိုးမှုအတွက် အဟန့်အတားမို့၊ ဆေးလိပ်ဆေးရွက်တိုက်ဖျက်စို့” ဟု ပြန်ဆိုထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုကို ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်မှ ကင်းဝေးစေဖို့နှင့် ဆေးလိပ်ငွေ့ကင်းစင်သည့်ဒေသဖြစ်ရန်အတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးတာဝန်ရှိသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ပြည်သူ့အတွက်ဥပဒေ

**မောင်စာဂ**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ခန့် ငယ်ရွယ်စဉ် ကလေးဘဝအချိန်ကဖြစ်သည်။ ဓာတ်စက်၊ ဓာတ်ပြား အသုံးပြုရသည့်ခေတ်ဖြစ်သည်။ ရုပ်မြင်သံကြားစက်များ မပေါ်သေး။ ရေဒီယို၊ ကက်ဆက်များပင် အသုံးမပြုနိုင်သေး။ ရွာတွင်အလှူအတန်းများရှိလျှင် အသံချဲ့စက် (ဓာတ်စက်) ငှားရမ်းအသုံးပြုကြသည်။ ဓာတ်ပြားကို အသုံးပြု၍ ဓာတ်ပြားကိုစက်ပေါ်တင်ကာ လည်အောင် လက်ဖြင့်မကြာမကြာ လှည့်ပေးရသည်။ တေးသီချင်းများ၊ ရာဇဝင်ဇာတ်ထုပ်များဖွင့်သည်။ ရွာတွင်မက ရွာနီးချုပ်စပ်ရှိရွာများကပင် နားထောင်ကြသည်။

ဇာတ်မင်းသားကြီး ဦးဖိုးစိန်၊ ဦးအောင်မောင်း၊ ဦးရွှေကျီးညို၊ ဦးစိန်အောင်မင်း၊ ရွှေမန်းဦးတင်မောင်တို့၏ နှစ်ပါးသွားနှင့် ရာဇဝင် ဇာတ်ထုပ်များကလည်း နားသောတဆင်၍ မဝနိုင်ဖြစ်ခဲ့ရသည်။ ထူးထူးခြားခြားပင် လူရွှင်တော်ဦးဓာတ်ဆီနှင့်ဦးဓာတ်ဆံတို့၏ ဟာသပျက်လုံးများသွင်းယူထားသည့် ဓာတ်ပြားသည်လည်း လူကြိုက်များခဲ့သည်။ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူပွဲတိုင်းတွင် မပါမရှိပါရှိသည်။ ဦးဓာတ်ဆီနှင့် ဦးဓာတ်ဆံတို့၏ ဟာသပျက်လုံးများစွာထဲမှ တစ်ခုကို မှတ်မှတ်သားသား ယနေ့ထိရှိနေသည်။ "ဥပဒေနောက်ထပ်လည်း မတိုးလိုက်ပါနဲ့။ သူ့အမေကြောက်တတ်တဲ့ အမျိုးပါခင်ဗျ" ဟူသော စကားဖြစ်သည်။ ငယ်ငယ်တုန်းကတော့ အမှုမဲ့ အမှတ်မဲ့နေခဲ့သည်။ ကြီးပြင်းလာသည့်အခါ ဤကဲ့သို့ ပြက်လုံးစကားဘာကြောင့် ပြောခဲ့ကြသလဲ။ စဉ်းစားတွေးတောမိသည်။ တွေးတောစဉ်းစားရမိသမျှ မျှဝေပါရစေ။

**ဥပဒေနောက်ထပ်တိုးမှာဘာကြောင့်ကြောက်ရသလဲ**

အဆိုပါစကားရပ်၏ အဓိပ္ပာယ်သဘောကို ဆင်ခြင်ကြည့်သည့်အခါ နောက်ထပ်ဥပဒေတွေ တိုးလာမှာကြောက်နေကြသည့်အသွင်သရုပ်ကို ပေါ်လွင်အောင် ဖော်ဆောင်၍ ပြက်လုံးထုတ်လိုက်ခြင်းဖြစ်သည်။ ထိုကာလက နောက်ထပ်ဥပဒေတွေ တိုးလာမှာ ဘာကြောင့်ကြောက်ခဲ့ကြသနည်း။ အဓိကကတော့ အကြောင်းနှစ်ချက်ကြောင့်ဖြစ်မည်ထင်သည်။ ပထမအချက်ကတော့ ပြည်သူတွေကို ထိန်းချုပ်ရာရောက်သည့်၊ ပြည်သူတွေကို ချုပ်ချယ်ရာရောက်သည့် ဥပဒေတွေ ပေါ်ပေါက်လာမည်ကို ကြောက်ခဲ့ကြသည်။ ဒုတိယအချက်ကတော့ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်လျှင် ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မမှန်မကန်လုပ်ဆောင်မှုများ၊ အဂတိတရားမကင်းစင်မှုများကြောင့် ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ကြရမည်ကို ကြောက်နေခဲ့ကြရ၍ဖြစ်မည်ထင်သည်။

**ထိန်းချုပ်ရာရောက်သည့်ဥပဒေများ**

မြန်မာနိုင်ငံ၏ ဥပဒေသမိုင်းကြောင်းတစ်လျှောက် ပြည်သူတွေကို ထိန်းချုပ်ရာရောက်သည်ဟု အဆိုရှိခဲ့ကြသော ဥပဒေအချို့ကို ဖော်ပြပါမည်။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်ကာလက ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေပြဋ္ဌာန်းခဲ့သည်။ ပြည်သူတွေကို ထိန်းချုပ်ရာ၊ ချုပ်ချယ်ရာရောက်သည့် ဥပဒေဟုဆိုကြသည်။ ပြည်သူတွေကို ငြိမ်ဝပ်ပိပြားမှု၊ တည်ငြိမ်မှု ပျက်ပြားအောင် ပြုမူပြောဆိုလှုပ်ရှားမှုများအတွက် ယင်းဥပဒေပုဒ်မ ၅ (ည) ကို အသုံးပြု၍ ဖမ်းဆီးအရေးယူလေ့ရှိသည်။ လာဖမ်းစဉ်တုန်းကတော့ ငါးညပါလို့ ပြောပြီး ဖမ်းသွားတာ အခုတစ်လရှိတောင် ပြန်လွတ်မလာသေးဘူးဟု ပြောသံများကျယ်လောင်ခဲ့သည်။ ယခု အစိုးရလက်ထက် ၂၀၁၇ ခုနှစ်တွင် ယင်းဥပဒေတစ်ခုလုံးကို ရုပ်သိမ်းခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရ ခေတ်ဦးအစကဖြစ်သည်။ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်သိမ်းသည့်ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေများကို ပြဋ္ဌာန်းပြီး ပုဂ္ဂလိကများ၏ ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ထိန်းချုပ်ခဲ့သည်။ တစ်ဆက်တည်းပင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်ကာလအတွင်း ငွေစက္ကူများကို တရားမဝင်ကြောင်း ကြေညာသည့်ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ ထုတ်ပြန်ခဲ့သည်။ ပြည်သူတွေ စီးပွားရေးကျပ်တည်းပြီး ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ခဲ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလတွင် လိုအပ်သည့်ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ကာလအချိန်ယူ၍ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့သည်။ ဒီမိုကရေစီ အသွင်ကူးပြောင်း၍ လွှတ်တော်နှင့် အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်။ ဤကာလများတွင်လည်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေသည် ပြည်သူများကို ဖိနှိပ်ရာ၊ ချုပ်ချယ်ရာ ရောက်သည်ဟု ဆိုလာကြသည်။ ဥပဒေကိုပြဋ္ဌာန်းပြီး မကြာမီကာလ၌ပင် ပြန်လည်ပြင်ဆင်ခဲ့ရသည်။ ယနေ့အခါတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ကိုလည်း ချုပ်ချယ်ရာရောက်သည်ဆိုသည့် အသံများထွက်ပေါ်လာသည်။

ဥပဒေတစ်ရပ်သည် ကာလတစ်ခုဖြစ်စဉ်တစ်ရပ်၌ လျော်ကန်သင့်မြတ်မှုရှိမည်မှန်သော်လည်း ပြောင်းလဲနေသည့် ခေတ်စနစ်အခြေအနေနှင့် ဖြစ်စဉ်ဖြစ်ရပ်တိုင်းအတွက် အစဉ်အမြဲ ကိုက်ညီမှန်ကန်မှုရှိနိုင်မည် မဟုတ်ပါ။ ခေတ်ကာလတစ်ခုအတွင်း၌ပင် ဥပဒေတိုင်းသည် အလုံးစုံ အကျိုး ရှိ-မရှိ ဆန်းစစ်ကြည့်သင့်သည်။ တချို့ဥပဒေများသည် အခြေအနေတစ်ရပ်အတွက် မှန်သော်လည်း အခြားတစ်ဖက်တွင် နစ်နာမှုများ၊ ဘေးထွက်ဆိုးကျိုးများ ရှိနေတတ်သည်။

**ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင်**

ဥပဒေကိုအကောင်အထည်ဖော်ကြရာတွင် မည်သူမဆိုဥပဒေကို လေးစားလိုက်နာကြရန် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ဥပဒေအထက်တွင် မည်သူမျှမရှိ။ ပြည်သူ့မျက်နှာ၊ ဥပဒေ မျက်နှာကိုသာကြည့်ပါ။ ကျောသားရင်သားမခွဲခြားပါနှင့်။ ဥပဒေက မည်သို့ပင်ဆိုစေကာမူဟု မကျင့်သုံးပါနှင့် စသည့်ဆိုရိုးများအတိုင်း၊ ကျင့်စဉ်များအတိုင်း အားလုံးက လိုက်နာကျင့်သုံးကြရန် တာဝန်ကိုယ်စီရှိကြသည်။

သို့ရာတွင် ဥပဒေကို ကိုင်တွယ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ကြသူအချို့သည် ပြည်သူကိုမျက်နှာမမူ၊ ဥပဒေကိုအလေးမထား၊ ဥပဒေပါအတိုင်း မကျင့်သုံး၊ ဥပဒေကိုလိုတိုးပိုလျှော့လုပ်၊ ဥပဒေကိုလက်တစ်လုံးခြားကျင့်သုံး၊ ဥပဒေကပေးထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြု၊ အဂတိတရားလိုက်စား စသည်ဖြင့် ဥပဒေကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် တာဝန်ရှိသူများကိုယ်တိုင် ဥပဒေကိုဖောက်ဖျက်ကျူးလွန်ကြသည့်အခါ တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာသည်။ တည်ငြိမ်အေးချမ်းမှု ယိုယွင်းလာသည်။ အကျင့်စာရိတ္တများ ပျက်ပြားလာသည်။ ပြည်သူအများ ဆင်းရဲဒုက္ခရောက်ကြရသည်။ ကိုယ်ရောစိတ်ပါလုံခြုံမှုမရှိတော့။ ဥပဒေကို ကိုင်တွယ်ကျင့်သုံးသူများ၏ ဖောက်ပြန်မှုများကြောင့် ပြည်သူအများဥပဒေအပေါ် မလေးစားကြတော့၊ မယုံကြည်ကြတော့၊ ဥပဒေဆိုသည်ကိုပင် မကြားချင်လောက်အောင် ကြောက်လာကြသည်။

**ဥပဒေကိုမကြောက်ကြစေဖို့**

ဥပဒေတွေကို မည်သည့်အတွက် ပြဋ္ဌာန်းကြပါသနည်း။ အများပြည်သူနှင့် နိုင်ငံတော်အကျိုးကို တရားမျှတစွာ ဖော်ဆောင်ပေးနိုင်ရေးအတွက်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ ဘေးကင်းလုံခြုံစွာနှင့် ကိုယ်ရောစိတ်ပါချမ်းသာစွာ အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက် အကာအကွယ်ပေးသည့်ဥပဒေများ၊ အကျိုးစီးပွားဖြစ်ထွန်းစေသည့် ဥပဒေများ ပြဋ္ဌာန်းပေးရသည်။ အုပ်ချုပ်သူအလိုကျ ဥပဒေ၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့်ဥပဒေ၊ ပြည်သူကြောက်သည့် ဥပဒေမဖြစ်စေရပါ။ ပြည်သူ့အတွက် ဥပဒေသာဖြစ်စေရပါမည်။

ဥပဒေကို ပြဋ္ဌာန်းပေးရုံနှင့် မပြီးသေး၊ ဥပဒေအတိုင်း တာဝန်ယူ အကောင်အထည်ဖော်ကြရသည်။ နိုင်ငံတိုင်းတွင် ပြည်သူနှင့်နိုင်ငံတော်အကျိုးကို ဥပဒေနှင့်အညီ တာဝန်ခံဆောင်ရွက်မည့် အစိုးရတစ်ရပ်ရှိသည်။ ထို့ကြောင့် ဥပဒေသည် ပြည်သူနှင့်အစိုးရတို့အကြား သွယ်ဝိုက်၍ ချုပ်ဆိုထားသော ပဋိညာဉ်တစ်ရပ်ဟုဆိုနိုင်သည်။ ယင်းသို့ဆိုလျှင် ဥပဒေကို လေးစားလိုက်နာရန် ပြည်သူရော အစိုးရပါ နှစ်ဦးနှစ်ဖက် တာဝန်ရှိသည်။

**စံထားစရာ**

မကြာသေးမီကာလရက်ပိုင်းမျှသာဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့၏ အစည်းအဝေးတစ်ခုတွင် ဖြစ်သည်။ ၁၉၄၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ မူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ မူလပြဋ္ဌာန်းချိန်က ပြည့်တန်ဆာပပျောက်ရေးအက်ဥပဒေ ဟုခေါ်ဆိုခဲ့သည်။ နောင်တွင် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေဟူသောအမည်ကို ပြင်ဆင်ခဲ့သည်။ ယခုပြင်ဆင်ချက်မူကြမ်းတွင် ပြစ်ဒဏ်များ တိုးမြှင့်သတ်မှတ်ပေးရေးကို ဦးတည်၍ ပြင်ဆင်ချက်ပြုလုပ်ထားသည်။

ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက 'ပြည့်တန်ဆာနှိပ်ကွပ်ရေး' ဆိုသောအမည်ကို သင့်-မသင့် စဉ်းစားရန်လိုကြောင်း၊ မတတ်သာလို့၊ မလွဲမရှောင်သာလို့၊ အခြေအနေမပေးလို့ အကြောင်းကြောင်းကြောင့် သူတို့ ဒီအလုပ်ကို လုပ်နေကြရတယ်။ ပြစ်ဒဏ်တိုးမြှင့်ပေးလိုက်ရုံနဲ့ ဒီကိစ္စပြီးသွားရောလား။ ဒါကိုဘယ်လိုကယ်တင်ရမလဲ၊ ဘယ်လိုအလုပ်အကိုင်တွေ ရှာဖွေပေးရမလဲ။ လမ်းကြောင်းမှန်ရောက်အောင် ဘယ်လိုတည့်မတ်ထိန်းကျောင်းပေးကြရမလဲ။ 'စသည်စသည် ဒီလိုအချက်တွေကို ဦးတည်ထည့်သွင်းပြဋ္ဌာန်းပေးသင့်တယ်။ ဒီတော့ ဒီဥပဒေဟာ ပြဋ္ဌာန်းခဲ့တာနှစ်ပေါင်းကြာခဲ့ပြီ။ ဒီလိုအတွေးအခေါ်သစ်တွေနဲ့ ဥပဒေအဟောင်းကို ရုပ်သိမ်းပြီး ဥပဒေအသစ်ပြန်လည်ရေးဆွဲပါ။ ဥပဒေအမည်ကိုလည်း 'နှိပ်ကွပ်' ဆိုတဲ့စကားမထည့်ပါနဲ့။ ပြည့်တန်ဆာဆိုင်ရာဥပဒေဆို ပြီးနေတာပဲ။ ဒါမှမဟုတ် အခြားသင့်တော်သည့် အမည်တစ်ခုရှာပြီးပေးပါ' စသည်ဖြင့် ပြောကြားခဲ့သည်။

ဤသည်မှာ ဥပဒေတစ်ခု ရေးဆွဲသည့်အခါတိုင်း စံထားထိုက်သည့် ပြောကြားချက်တစ်ခုအဖြစ် မှတ်ယူသင့်သည်။ ဥပဒေများ ရေးဆွဲကြသည့်အခါ ပြည်သူတွေကို ထိန်းချုပ်ရာရောက်သည့်၊ ချုပ်ချယ်ရာရောက်သည့်၊ နှိပ်ကွပ်ရာရောက်သည့် ဥပဒေများမဖြစ်စေဘဲ ပြည်သူ့ဘဝလုံခြုံစိတ်ချရစေမည့်၊ ပြည်သူနှင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများဖြစ်အောင် ရည်ရွယ်ချက်ကောင်းများဖြင့် ရေးဆွဲပြဋ္ဌာန်းကြရပါမည်။ ဥပဒေသည် ပြည်သူ့အတွက်ဖြစ်ရပါမည်။

**ပြည်သူ့အတွက် ပြည်သူနှင့်အတူ ပြည်သူ့အားကိုရယူကြ**

တစ်ပြိုင်တည်းပင် သူရဦးရွှေမန်း၏ ဖေ့ဘွတ်စ်စာမျက်နှာတွင် ဖော်ပြချက်များကို သတိထားလေ့လာမိသည်။ 'ပြည်သူ့အား' ဟူသောခေါင်းစဉ်ဖြင့် ရေးသားထား သည့် အချက်များကို ကောက်နုတ် ဖော်ပြလိုပါသည်။

- တရားမျှတသောဥပဒေများ၊ ပြည်သူအကျိုးစီးပွားဖြစ်စေသော ဥပဒေများဖြစ်လာရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ပြုလုပ်နေသည်။
- တည်ဆဲဥပဒေများအတိုင်း လိုက်နာကြရန် အရေးကြီးသည်။
- ထို့ထက် ဥပဒေများကို ကြီးကြပ်ခန့်ခွဲရသော လူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ပိုအရေးကြီးသည်။ ပို၍တာဝန်ရှိသည်။
- သို့မှသာ တရားဥပဒေကို စိုးမိုးပြီး လုံခြုံစွာနေထိုင်နိုင်ကြမည်။
- တာဝန်ရှိအဖွဲ့အစည်းများ၊ တာဝန်ရှိသူများကိုလည်း ပြည်သူ့အားဖြင့် မှန်ကန်စွာ ထိန်းကျောင်းရမည်ဖြစ်သည်။
- ဥပဒေရေးဆွဲရေး၊ ဥပဒေအတိုင်း လိုက်နာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ၏အား၊ ပြည်သူများ၏ပါဝင်မှုကို အလေးထားမြှင့်တင်ရမည်ဖြစ်သည်။

**ထို့ပြင် ပြည်သူတွေကိုယ်စိတ်လုံခြုံရအောင် ခေါင်းစဉ်ဖြင့်**

- ဥပဒေနှင့်အညီ နေထိုင်ကြသူတွေက ဥပဒေမဲ့လုပ်နေကြသူတွေကို ကြောက်နေရလျှင်၊
- ဥပဒေကို ကြီးကြပ်စောင့်ထိန်းနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေက ဥပဒေနှင့်အညီ မဆောင်ရွက်ကြလျှင် ပြည်သူတွေကိုယ်နှင့်စိတ်လုံခြုံမည်မဟုတ်၍၊
- တာဝန်ရှိသူတွေကဥပဒေနှင့်အညီ မလုပ်ကြသူတွေကို တရားနည်းလမ်းတကျ ဖော်ထုတ်အရေးယူဆောင်ရွက်ပြီး ပြည်သူတွေ ကိုယ်နှင့်စိတ်လုံခြုံရအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း ရေးသား ဖော်ပြထားသည်။

အထက်ပါအချက်များအရ ဥပဒေပြုသူများနှင့် ဥပဒေကိုအကောင်အထည်ဖော် ဆောင်ရွက်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်မှာ ပေါ်လွင်နေသည်။ ဒီမိုကရေစီ၏ တရားကိုယ်သဘောဖြစ်သည့် ပြည်သူ့အတွက်၊ ပြည်သူနှင့်အတူ၊ ပြည်သူ့အားကိုရယူ ဆောင်ရွက်နိုင်ကြရပါမည်။

**ပြည်သူတွေပါဝင်ခြင်းဖြင့် ပြည်သူချစ်သောဥပဒေများ ဖြစ်ထွန်းလာရေး**

အချုပ်ဆိုရလျှင် ဥပဒေကမည်မျှပင် ပြည်သူ့အကျိုးရှေးရှုရေးဆွဲပြဋ္ဌာန်းထားပါစေ ဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်ကြသူများ၏ မလိမ္မာမှု၊ မကိုင်တွယ်တတ်မှု၊ အားနည်းမှုများကြောင့် ဥပဒေကို ပြည်သူတွေက ကြောက်နေကြခြင်းဖြစ်သည်။ မည်သူမျှဥပဒေကို ကြောက်ဖို့မလိုပါ။ သို့ရာတွင် မည်သူမဆို ဥပဒေကို လေးစားလိုက်နာကျင့်သုံးကြဖို့ တာဝန်ရှိပါသည်။ ပြည်သူ့အတွက် ဥပဒေဟုဆိုလျှင် ဥပဒေပြုရာတွင် ပြည်သူများ ကိုယ်စားပြုပါဝင်နိုင်ကြရပါမည်။ ဥပဒေအကောင်အထည်ဖော်ရာတွင်လည်း ပြည်သူအများကိုယ်တိုင်ပါဝင်နိုင်ကြရပါမည်။

ဥပဒေတစ်ရပ်ပြုရာတွင် တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ကြမည့် ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသာမက ဆက်စပ်ပတ်သက်သည့် ကိုယ်စားပြုလူမှုအဖွဲ့အစည်းများ၊ ဆိုင်ရာ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုရှိသူများ၊ အထောက်အကူပြုသူများကိုပါ တွေ့ဆုံဆွေးနွေး၍ လက်တွေ့အမှန်တကယ် ဖြစ်ပေါ်နေမှုအခြေအနေများ၊ တွေ့ကြုံခံစားနေရမှုများ၊ သဘောထား အကြံပြုချက်များကို တတ်နိုင်သမျှ ရှုထောင့်စုံမှ အဖြေရှာလေ့လာသုံးသပ်စိစစ်သင့်သည်။ ဖြစ်ပြီးခဲ့သည်များမှ သင်ခန်းစာထုတ်နုတ်၊ ဖြစ်နေသည်ကို သုံးသပ်ဆင်ခြင်၊ ဖြစ်သင့်သည်အတွက် မျှော်မြင်တွက်ဆ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့အကျိုးရှိမည့်ရလဒ်ကောင်းကိုရရှိနိုင်ပါမည်။

ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့၏သဘောထား အကြံပြုချက်များကို အခြေခံ၍ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဥပဒေကို ပြည်သူက ရွေးကောက်တင်မြှောက်သည့် ပြည်သူ့အစိုးရက ပြည်သူနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ကြရပါမည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့သည် ဥပဒေ၏အကျိုးကို မှန်မှန်ကန်ကန်ရရှိနိုင်ကြပါမည်။ ဥပဒေက ပေးသည့်အခွင့်အရေး၊ ဥပဒေ၏အကာအကွယ်၊ ဥပဒေ၏စောင့်ရှောက်မှုကို ပြည့်ပြည့်ဝဝရရှိနိုင်ကြပါမည်။

ဤသို့ဆိုလျှင် ပြည်သူတို့သည် ဥပဒေကိုလေးစားလိုက်နာလာကြမည်။ ဥပဒေကိုတရားနှင့်အညီ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် ပြည်သူ့အစိုးရကိုလည်း ပြည်သူတို့က ယုံကြည်စိတ်ဖြင့် ချစ်တတ်လာကြပါလိမ့်မည်။

ပြည်သူနှင့်အတူ၊ ပြည်သူ့အားကိုယူ၍ ပြည်သူ့အတွက် ပြည်သူချစ်သော ဥပဒေကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါစေ။ ပြည်သူနှင့် နိုင်ငံတော်အတွက် ဥပဒေနှင့်အညီ တရားသဖြင့် မှန်ကန်စွာ အကျိုးဆောင်၍ အောင်နိုင်ကြပါစေ။ ။

# "Twilight" မှ ထုတ်ပယ်ခံရလုနီးပါးဖြစ်ခဲ့ကြောင်း ရောဘတ်ပတ်တီဆန်ဖွင့်ဟ





သွေးစုပ်ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးတင်ဆက်ထားတဲ့ ကမ္ဘာကျော်ခဲ့တဲ့ ဟောလိဝုဒ်ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Twilight"မှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရောဘတ်ပတ်တီဆန်ဟာ ယင်းရုပ်ရှင်နဲ့အတူ အောင်မြင်မှုတွေ ရခဲ့တာဖြစ်ပါတယ်။ ဒီလိုပရိသတ်တွေကို အထူးဆွဲဆောင်နိုင်ခဲ့တဲ့ မင်းသား ပတ်တီဆန်ဟာ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေ ရိုက်ကူးနေစဉ်အတွင်း ရိုက်ကူးရေးမှ ထုတ်ပယ်ခံရလုနီးပါးအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရကြောင်း လတ်တလော ဖွင့်ဟပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Twilight" ဇာတ်လမ်းတွဲ ရုပ်ရှင်တွေမှာ ရောဘတ်ပတ်တီဆန်ဟာ လူသားတွေအကြားမှာ ရောနှောနေတဲ့ သွေးစုပ်ဖုတ်ကောင်တစ်ဦးဖြစ်တဲ့ အက်ဒ်ဝပ်ကူလန်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပြီး ပထမဆုံးသော ရုပ်ရှင်ရိုက်ကူးရေးရဲ့အစပိုင်းမှာ အခက်အခဲတွေနဲ့ ကြုံခဲ့ရကာ ရုပ်ရှင်ကို စွန့်လွှတ်ရလုနီးပါး ဖြစ်ခဲ့ရကြောင်း ရောဘတ်ပတ်တီဆန်က မီဒီယာတွေကို ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ "Twilight" ရုပ်ရှင်မှာ အက်ဒ်ဝပ်ကူလန်အဖြစ် ပါဝင်ထားတဲ့ ရောဘတ်ကို ပရိသတ်တွေက ဂရုပြုမိခဲ့ကြပေမယ့် အဲဒီဇာတ်ကောင်နေရာကို ဆုံးရှုံးရလုနီးပါး ဖြစ်ခဲ့ရတဲ့ ရောဘတ်အကြောင်းကိုတော့ သိသူ အလွန်နည်းပါးခဲ့တာဖြစ်ပါတယ်။ ရောဘတ်ပတ်တီဆန်ရဲ့ အလွယ်တကူ မနာခံတတ်တဲ့ စရိုက်ကြောင့် အဆိုပါဇာတ်လမ်းတွဲ ရုပ်ရှင်ရဲ့ ပထမဆုံးသောရုပ်ရှင်ကို စတင်ရိုက်ကူးခဲ့စဉ်က ရိုက်ကွင်းပေါ်ကနေ မောင်းထုတ်ခံရလုနီးပါး အခြေအနေနဲ့ ကြုံခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

မကြာသေးမီက ကျင်းပပြီးစီးသွားခဲ့တဲ့ ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ရောဘတ်ပတ်တီဆန် တက်ရောက်ခဲ့ပြီး ယင်းရုပ်ရှင်ပွဲတော်မှာ နယူးယော့ခ်တိုင်းမ်နဲ့ အင်တာဗျူး ပြုလုပ်ခဲ့ရာမှာ ပတ်တီဆန်က သူ့ရဲ့ အအောင်မြင်ဆုံးသော ရုပ်ရှင်လို့ ဆိုနိုင်တဲ့ "Twilight" နဲ့ပတ်သက်ပြီး ယခုလို ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။ ယခုနှစ်အတွက် ကျင်းပခဲ့တဲ့ ကန်းရုပ်ရှင်ပွဲတော်မှာ ရောဘတ်ပတ်တီဆန်ရဲ့ ရုပ်ရှင်တစ်ကားကို ပါဝင်ပြသခဲ့ရာ "Good Time"မှာ သရုပ်ဆောင်ထားတဲ့ ရောဘတ်ပတ်တီဆန်ရဲ့ သရုပ်ဆောင်အရည်အချင်းအပေါ် အပြုသဘော ဝေဖန်မှုတွေကို ရရှိခဲ့ကြောင်းလည်း သိရပါတယ်။

နယူးယော့ခ်တိုင်းမ်သတင်းစာနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ရောဘတ်ပတ်တီဆန်က "Twilight" ရုပ်ရှင်နဲ့ ပတ်သက်ပြီး သူ့ရဲ့ထင်မြင်ချက်တွေကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ကို ရိုက်ကူးခွင့်ရခဲ့ခြင်းဟာ သူ့အတွက်တော့ အလွန်ကြီးမားတဲ့ ကံကောင်းမှုတစ်ခုဖြစ်ခဲ့ကြောင်းနဲ့ တကယ်ကို ဇာတ်ကားကောင်းတစ်ခု ဖြစ်ခဲ့ကြောင်းလည်း ဆိုပါတယ်။ ဒါ့အပြင် တွဲဖက်ရိုက်ကူးခဲ့ရတဲ့ လုပ်ဖော်ကိုင်ဖက်တွေကြောင့်လည်း ရိုက်ကူးရေးလုပ်ငန်းတွေဟာ ပိုမိုအဆင်ပြေခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် "Twilight"မှ ဇာတ်ဆောင် အက်ဒ်ဝပ်ကူလန်အဖြစ် ပရိသတ်တွေရဲ့ မျက်လုံးထဲမှာ စွဲမှတ်ယူခြင်းခံနေရတဲ့အပေါ် ရောဘတ်ပတ်တီဆန်ရဲ့ ခံစားချက်ကို မေးမြန်းခဲ့ရာမှာတော့ ရောဘတ်က “အောင်မြင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်လမ်းတွဲတစ်ခုရဲ့ ငါးကားလောက်မှာ တူညီတဲ့ ဇာတ်ကောင်နေရာက ပင်တိုင်ပါဝင်ခဲ့မယ်ဆိုရင်တော့ ရရှိလာတဲ့ အကျိုးဆက်တွေကိုလည်း လက်ခံရမှာပါပဲ”လို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ရောဘတ်ပတ်တီဆန်က သူ့အနေနဲ့ "Twilight" ရုပ်ရှင်ရိုက်ကူးရေးတစ်လျှောက် လူတွေနဲ့ ခိုက်ရန်ဖြစ်တာတွေရှိခဲ့ပြီး ရိုက်ကွင်းကို စွန့်လွှတ်ရလုနီးပါးဖြစ်ခဲ့ကြောင်း ယဟူးမူဗီးစ်ကို ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

ကျော်ကြားတဲ့ စာရေးဆရာတစ်ဦးဖြစ်တဲ့ စတစ်ဖန်နီမေရာရဲ့ ဝတ္ထုတွေပေါ်မှာ အခြေခံကာရိုက်ကူးထားတဲ့ "Twilight" ဇာတ်လမ်းတွဲရုပ်ရှင်တွေဟာ သွေးစုပ်ဖုတ်ကောင်တစ်ဦးနဲ့ လူသားတစ်ဦးအကြားက အချစ်အကြောင်းကို ပုံဖော်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်တွေမှာ ရောဘတ်ပတ်တီဆန်နဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီးကတော့ ခရစ်စတင်းစတူးဝပ်ဖြစ်ပြီး ဇာတ်လမ်းတွဲမှာ ပါဝင်နေတဲ့ ရုပ်ရှင်ငါးကားကို ရုံတင်ပြသခဲ့ရာမှာတော့ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄ ဘီလီယံခန့်ရရှိခဲ့တာကြောင့် ဝင်ငွေအရလည်း အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။



## နှစ်ကိုယ်ခွဲသရုပ်နဲ့ တွေ့မြင်ရတော့မယ့် ကင်မ်ဆိုးဟွန်

တောင်ကိုရီးယားရဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကင်မ်ဆိုးဟွန်ဟာ လတ်တလောမှာတော့ ရုပ်ရှင်သစ်တစ်ကားကို လက်ခံရိုက်ကူးလျက်ရှိပြီး ယင်းရုပ်ရှင်မှာတော့ ကင်မ်အနေနဲ့ မတူညီတဲ့ ဇာတ်ကောင်နှစ်နေရာမှာ တစ်ပြိုင်နက် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ကြောင်း ဟန်းစင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကင်မ်ရဲ့ ရုပ်ရှင်သစ်ကတော့ "Real" လို့အမည်ရပြီး ယင်းရုပ်ရှင်ဟာ လူနှစ်ဦးကို အဓိကဇာတ်ကောင်တွေအဖြစ် ဖန်တီးထားကာ အာရှရဲ့ အကြီးမားဆုံးသော လောင်းကစားဒိုင်ကြီးတစ်ခုအကြောင်းကို ပုံဖော်ထားတဲ့ ရုပ်ရှင်ဖြစ်တယ်လို့ သိရပါတယ်။

ယင်းရုပ်ရှင်မှာ ကင်မ်ဆိုးဟွန်ဟာ ဂျန်တေယွန်းလို့အမည်ရတဲ့ ဇာတ်ကောင်နေရာက ပါဝင်သရုပ်ဆောင်ထားပြီး ဂျန်တေယွန်းဟာ လောင်းကစားဒိုင်ကြီးကိုပိုင်တဲ့ သူဌေးဖြစ်ပါတယ်။ ကင်မ်ဆိုးဟွန်ရဲ့ ဇာတ်ကောင်နဲ့အပြိုင်အဖြစ် မင်းသား ဆန်ဒေါင်အီက ပါဝင်သရုပ်ဆောင်ထားပြီး တိုက်ခိုက်ကြတဲ့ ဇာတ်ဝင်ခန်းတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ကင်မ်ဆိုးဟွန်ရဲ့ ဒုတိယမြောက် ဇာတ်ကောင်နဲ့ပတ်သက်ပြီး လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လျှို့ဝှက်ထားဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

"Real" ရုပ်ရှင်ကို ဇွန်လအတွင်း ပြသသွားမှာဖြစ်ပြီး ရက်အတိအကျကိုတော့ လတ်တလောအချိန်အထိ မသတ်မှတ်ရသေးပါဘူး။ ယင်းရုပ်ရှင်မှာ ကင်မ်ဆိုးဟွန်နဲ့အတူ တောင်ကိုရီးယားရဲ့ နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆန်ဒေါင်အီ၊ စူလီ၊ လီဆန်းမင်း၊ ဂျိုဝူဂျင်နဲ့ အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

## ယွန်နရဲ့ မွေးနေ့မှာ တရုတ်ပရိသတ်တွေထံမှ မက်ဆေ့ချ်စောင်ရေ တစ်ဘီလီယံနီးပါး လက်ခံရရှိ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နောက်ပိုင်းမှာ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ယွန်နရဲ့ မကြာသေးမီက ကျရောက်ခဲ့တဲ့ မွေးနေ့မှာတော့ တရုတ်နိုင်ငံက ပရိသတ်တွေဆီကနေ မွေးနေ့ဆုတောင်းစကားတွေကို ရေးသားဖော်ပြထားတဲ့ မက်ဆေ့ချ်စောင်ရေပေါင်း တစ်ဘီလီယံခန့် လက်ခံရရှိခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၃၀ ရက်မှာတော့ ယွန်နဟာ အသက် (၂၇) နှစ်ပြည့်ခဲ့ပြီဖြစ်ကာ ကြယ်ပွင့်ရဲ့ မွေးနေ့မှာ တရုတ်နိုင်ငံမှာရှိတဲ့ ယွန်နရဲ့ ပရိသတ်တွေက အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ဝီဘိုကနေတစ်ဆင့် မွေးနေ့ဆုတောင်းစာတွေကို ရေးသားပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒီလိုယွန်နဆီကိုရောက်ရှိလာတဲ့ မက်ဆေ့ချ်စောင်ရေ စုစုပေါင်းဟာ သန်း ၈၅၀ ကျော်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

တရုတ်နိုင်ငံမှာ ယွန်နရဲ့ ကျော်ကြားမှုဟာ အလွန်ကြီးမားပြီး တရုတ်ပရိသတ်တွေက တောင်ကိုရီးယားရဲ့ ထိပ်တန်းအနုပညာရှင်တွေကို မဲပေးခဲ့ရာမှာတော့ ယွန်နဟာ နံပါတ်တစ်နေရာကို ရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် ယွန်နဟာ တောင်ကိုရီးယားမှာသာမက တရုတ်ပရိသတ်တွေအပေါ်မှာပါ လွှမ်းမိုးနိုင်တဲ့ အနုပညာရှင်တစ်ဦးလည်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံမှာ ကျော်ကြားမှုကြောင့် မီဒီယာတွေနဲ့ အင်တာဗျူးတွေ မကြာခဏ လုပ်ရလေ့ရှိတဲ့ ယွန်နဟာ အင်တာဗျူးဖြေဆိုချိန်တိုင်းမှာ တရုတ်ဘာသာပြန်နဲ့ လက်ထောက်လိုအပ်ခြင်းမရှိဘဲ တရုတ်ဘာသာစကားကို ကောင်းမွန်စွာပြောကြားနိုင်တာကို တွေ့ရကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# ပြန်ကြားရေးဝန်ကြီးဌာန

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Digital Camera Sony ILCE-7(Body+Lens)<br>Lens 20-80mm, Flash Gun 20M<br>SD Memory Card 16 GB (2Pcs) | 10 Nos |
| ၂။ | Indoor Photo Studio Equipment<br>- Godax DP 600 Digital Softbox<br>- Godax DP 400 Digital Softbox<br>- Three Roll Motar<br>- Boom Stand | 1 Set |
| ၃။ | Online UPS 6 KVA, Power Tree | 2 Nos |
| ၄။ | Laptop Dell Intel Core i3-5005U 2.0Ghz,<br>4GB DDR3 RAM,500GB HDD,<br>Nvidia GT 920 2GB Graphic<br>DVD R/W, 14" LED Display | 6 Nos |
| ၅။ | Personal Computer (Desktop)<br>Asus Core i5 N4460 3.2 GHZ,<br>4GB DDR3 Memory, 500 GB HDD,<br>64 bit HD Graphic DVD R/W<br>Acer Monitor 18.5",A4 Tech Keyboard,<br>A4 Tech Mouse, UPS-Green Power 650 VA | 100 Sets |
| ၆။ | Laser Printer Canon LBP 2900B(A4)<br>600×600 dpi, 12ppm | 80 Nos |
| ၇။ | Printer Auto Duplex Canon LBP 6230dn<br>25ppm (Mono only) 600×600dpi<br>1200×1200 dpi (Equipment)<br>2400 (Equivalent)×600dpi<br>Auto Duplex & Network Interface Std | 10 Nos |
| ၈။ | Color Printer<br>Konica Minolta (Magicolor 1650EN)<br>Print 5/20 ppm (color/mono)Network Interface,<br>Photo Art 9600 dpi (600×600×4bits)<br>Legal Max Print 256 MB | 5 Nos |
| ၉။ | Dot Matric Printer EPSON LQ 310 | 2 Nos |
| ၁၀။ | Pro Scanner (Epson Perfection V850) | 2 Nos |
| ၁၁။ | Digital Multifunction Copier<br>Konica bizhub 206(A3 Size) B/W<br>Copier & Printer A3 Color Scanner,<br>600×600 dpi , 250 Sheet Paper Tray, 20 PPM | 10 Nos |
| ၁၂။ | Duplo DP-A120, 300×360dpi<br>90Pages Per Minute, Max B4 Paper Size,<br>Loading Capacity:500 Sheets | 1 No |
| ၁၃။ | Airconditioner 2HP Split Type CHIGO | 10 Nos |
| ၁၄။ | ရုပ်ရှင်ပြခန်းအတွင်း အအေးပေးစနစ်နှင့် အသံစနစ်ဆောင်ရွက်ခြင်း | |
| | (a) Airconditioner 7.5HP Duct Type Split<br>Gree (or) Teco | 2 Nos |
| | (b) Sub-Woofer | 1 No |
| | - JBL 4645C Single 460 mm (18 in)<br>- Digital Sound Tracks in Motion Picture Theaters<br>- Rater Inpedance (8 ohms)<br>- Continuous Pink Noise (800 Watts)<br>- Continuous Program (1600 Watts) | |
| | (c) Amplifier<br>- QSC ISA SERIES<br>- ISA 750-450-650-1200<br>Watts Per Channel | 3 Nos |
| | (d) Surround Speaker<br>- JBL 8320(200mm) (8 in)<br>- Dimensions (H×W×D)<br>(406 mm×343mm×224mm) | 2 Nos |
| | (e) Speaker | 1 No |
| | (i) Left Speaker<br>- JBL 4638 (380 mm)(15 in)<br>- Dimensions (H×W×D)<br>(991 mm×648 mm×451mm)<br>- Unit 2446 H/J | |
| | (ii) Right Speaker<br>- JBL 4638(380mm) (15in)<br>- Dimensions (H×W×D)<br>(991mm ×648mm×451mm)<br>- Unit 2446 H/J | 1No |
| | (iii) Centre Speaker<br>- JBL4638(380mm) (15in)<br>- Dimensions (H×W×D)<br>(991mm×648mm×451mm)<br>- Unit 2446H/J | 1No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၇ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**





### အမည်ပြောင်းခြင်း
ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) ဒသမတန်း(E)မှ ဦးထွန်းဇော်သောင်း၏ သမီး မတန်ကူးရတနာအား မတန်ဆူးရတနာဟုပြောင်းလဲခေါ်ဆိုပါရန်။

### အမည်ပြောင်း
ဦးအောင်ကျော်ထိုက်[၇/ဝမန (နိုင်) ၁၃၆၅၇၄] ကိုင်ဆောင်သူ၏ သားဖြစ်သူ နဝမတန်း(E)ခန်း အထက(၄)သာကေတတွင် ပညာသင်ကြားနေသော မောင်ပြည်ဖြိုးအောင်အား မောင်မင်းခန့်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်မင်းခန့်သော်**

### ရောင်းရန်
၁။ လှိုင်သာယာ၊ ဆိပ်ကမ်းသာယာမီး၊ ဘုရင့်နောင်တံတားနှင့် အောင်ဇေယျတံတားကြား (၂) ဧက၊
၂။ လှိုင်သာယာ ၃ ထိပ်၊ အောင်ဇေယျတံတားဆင်း 45 x 60
၃။ ထောက်ကြန့် - ပြည်လမ်းမကြီးမှ ကိုက်(၂၀၀)ခန့်ဝင် (၂)ဧက
**ဆက်သွယ်ရန်** - 9:00 AM to 4:30 PM
09 254202322




### ဥယျာဉ်ခြံမြေရောင်းရန်ရှိသည်
(G ဥယျာဉ်မြို့မြေ) (40'x60') - (40)သိန်း
Ph:09-796797258,09-448012251

### အမည်မှန်
ရေကြည်မြို့၊ နေဝင်းရပ်ကွက်၊ (၃)လမ်းနေ အဖ ဦးသိန်းစိုး၊ အမိ ဒေါ်လေးလေးမော်တို့၏သား မောင်အောင်မြင့်မြတ်၏ အမည်မှန်မှာ မောင်အံ့မော်သိန်း ဖြစ်ပါကြောင်း။
**မောင်အံ့မော်သိန်း**

### ပျောက်ဆုံးကြောင်း
ကျွန်မ မစန်းငယ် [၆/ပလန(နိုင်) ၀၂၁၃၂၇]၏ PASSPORT သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၇၉၉၆၄၁၁၃၆




### အောင်မြည့်စုံ
Box ကား
09-250095114
09-421041338
09-73224763

### ခက်မြို့သစ်
09-500 5916
09-730 97123


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## ဈာပနမင်္ဂလာဆုတောင်းလွှာ

ချစ်သောဖေဖေကြီး ဦးစောထွန်းဝေ၏ယနေ့ (၂-၆-၂၀၁၇)တွင် ကျရောက်သော မွေးနေ့မှသည် နောင်ကျရောက်မည့် မွေးနေ့ပေါင်း များစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများ ပြည့်စုံစွာ ဖြင့် ချစ်သောမိသားစုနှင့်အတူ သာသနာ့ အကျိုး၊ လောကီအကျိုး လောကုတ္တရာအကျိုးများကို ဆောင်ရွက်ပြီး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်မြင့်မြင့်အေး
ချစ်သားကြီး - စောဇော်မိုး
ချစ်သားငယ် - စောထွန်းကျော်နိုး
ချစ်သမီးငယ် - နှင်းဦးဇေ

**ယမင်းသူ**
ဆိုင်းဘုတ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လမ်းကြောင်းများ အားလုံးကို ...
09 5174914, 09 5136421

**ဖခင်အမည်မှန်**
သုံးခွမြို့နယ်၊ အလက(ခွဲ)မင်းရွာ အသင်းကျောင်း၊ အဌမတန်းမှ မနှင်းဆီ၏ ဖခင်အမည်မှန်မှာ ဦးတင်စိုးဖြစ်ပါကြောင်း။
**ဦးတင်စိုး**

**ဖခင်အမည်မှန်**
သုံးခွမြို့နယ်၊ ညောင်နီကျေးရွာ၊ အထက(ခွဲ)မှ မောင်ဟိန်းသီဟဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုးနွယ်ဦး [၁၂/သခန(နိုင်)၀၀၃၁၅၅]ဖြစ်ပါကြောင်း။
**ဦးမင်းစိုးနွယ်ဦး**

## ဈာပနမင်္ဂလာဆုတောင်းလွှာ

*Delight Engineering Co.,Ltd , Delight Piling Co.,Ltd* နှင့် *KGS Myanmar Co.,Ltd* တို့၏ *Managing Director* ဖြစ်သော ဦးစောထွန်းဝေ၏ ယနေ့ (၂-၆-၂၀၁၇) တွင် ကျရောက်သော မွေးနေ့ရက်မြတ်လေးမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်ရသော မိသားစုနှင့်အတူ အောင်မြင်ပျော်ရွှင် ရှုမ်းမြေ့သာယာသော ဘဝကို ပိုင်ဆိုင်နိုင်ပြီး လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ..........။

ဝန်ထမ်းများ
*Delight Engineering Co.,Ltd*
*Delight Piling Co.,Ltd*
*KGS Myanmar Co.,Ltd*




| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | — — — | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| 10,000 Ks | 420 MB | 800 MB |

MPT ၏ ဆွေသဟာ (သို့မဟုတ်) ရွှေပြော အစီအစဉ်ရယူထားသော Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL CALL CENTER 106 call free 24 hours everyday

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**JES Driver Academy**
Professional Driver (Taxi) အတွက် ...
0932173735, 09 263145979, 09 428581144, 09 797815723, 09 760636377
www.facebook.com/jesdriveracademy

**ရောင်ခြည်ထိပ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10', 14', 15' ကားများဖြင့်
လုပ်သားအပြည့်အစုံ မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph: 09-450454771
09-450454772
09-450454773


**ရွှေနန်းစံ**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

DUTY FREE CENTURY TRADING COMPANY LIMITED

Managing Director
Duty Free Century Trading Co., Ltd.

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10', 14', 16', 18')ကားများဖြင့်
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

**လူပျောက်ကြေညာ**



**ခရုံမြို့သစ်**
09-6809893
09-5120620

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်-၈၅၈/ခတွင် နေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Tsai Fong Tsai (ထိုင်ဝမ်ပတ်(စ်)ပို့ အမှတ်-၃၀၁၁၂၄၈၇၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Tsai Fong Tsaiသည် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်-၇၇၇/၇၇၆တွင် နေထိုင်သူ ဒေါ်ရင်ရင်ဆွေ[၁၃/လရန(နိုင်)၀၇၉၇၈၈]ကိုင်ဆောင်သူအား ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံးတော်၌ ၂၀၁၆ခုနှစ်၊ တရားမကြီးမှု အမှတ်-၃၉၈၊ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ရုံးတော်မှ ၇-၃-၂၀၁၇ ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Tsai Fong Tsaiအား လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို စရိတ်နှင့်တကွ အနိုင်ဒီကရီ အမိန့် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Tsai Fong Tsaiနှင့် ဒေါ်ရင်ရင်ဆွေ တို့သည် တရားရုံးဒီကရီအရ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး လုံးဝ ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထင်ကျော်**
**B.Sc.,H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)**

**ဒေါ်သက်လေးချို**
**LL.B,D.B.L,D.I.L**
**D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၈)**

**အမှတ်(၁၃၈)၊ ပထမထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

## (၃) ကြိမ်မြောက် ကျပ် ၅၀၀တန် ထီပေါက်စဉ် ၂၀၁၇ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကဟ - ၇၄၈၇၂၁

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆု

ကသ - ၅၅၆၇၉၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆု

ခ - ၃၀၆၁၈၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ကသ | ၁၀၉၅၉၄ | ကဖ | ၅၉၁၇၉၁ |
| ဃ | ၂၁၆၈၁၀ | ကဖ | ၆၂၇၂၆၁ |
| ဈ | ၂၁၆၈၇၄ | ကဋ | ၆၂၈၅၄၄ |
| ဇ | ၂၂၇၇၆၂ | ထ | ၆၅၇၆၄၂ |
| ကဖ | ၂၂၇၈၄၂ | ဌ | ၆၈၄၆၄၄ |
| ကပ | ၂၄၁၈၃၈ | ဈ | ၆၉၄၃၀၀ |
| ည | ၂၆၇၂၁၁ | ကန | ၇၁၆၅၇၃ |
| ဒ | ၂၇၀၉၁၆ | ဂ | ၇၃၆၅၀၆ |
| ကန | ၃၁၄၇၃၅ | ခ | ၇၅၁၂၉၇ |
| ကဗ | ၃၁၅၇၄၉ | စ | ၇၆၄၁၂၇ |
| ကမ | ၃၀၈၃၀၄ | ကဒ | ၈၀၀၀၇၇ |
| ဏ | ၃၅၅၇၅၆ | ဇ | ၈၃၈၅၂၈ |
| ထ | ၃၆၀၉၂၄ | ဒ | ၈၈၁၉၃၉ |
| ကဓ | ၄၂၈၀၅၁ | ဃ | ၈၈၂၅၄၅ |
| ဏ | ၄၅၄၅၀၀ | ကခ | ၉၀၁၀၃၇ |
| ဂ | ၅၀၄၇၀၅ | တ | ၉၀၈၅၆၃ |
| ကမ | ၅၃၂၅၇၉ | ဇ | ၉၃၈၄၂၂ |
| စ | ၅၅၅၉၃၁ | ကဃ | ၉၄၅၂၂၁ |
| ကဒ | ၅၆၀၄၅၉ | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ကပ | ၁၀၃၃၅၈ | န | ၆၁၂၁၂၀ |
| ဍ | ၁၄၃၁၉၇ | ကသ | ၆၃၀၇၁၅ |
| ကဗ | ၁၆၂၇၉၉ | ကဗ | ၆၃၉၁၄၈ |
| န | ၁၈၁၉၀၀ | ဗ | ၆၆၂၀၀၆ |
| စ | ၁၉၁၂၈၇ | ဏ | ၆၇၂၄၁၂ |
| စ | ၂၆၃၇၅၈ | ဏ | ၆၈၃၀၉၀ |
| ကဟ | ၂၉၆၈၆၉ | ကမ | ၆၈၉၄၀၉ |
| ကလ | ၃၀၂၃၇၁ | ကလ | ၆၉၇၅၉၃ |
| တ | ၃၀၅၁၉၀ | ကဘ | ၆၉၇၉၁၁ |
| ကဒ | ၃၁၄၀၈၄ | ဃ | ၇၆၆၄၈၆ |
| ကအ | ၃၁၅၃၁၁ | ကဘ | ၇၈၀၈၉၉ |
| ည | ၃၂၇၂၄၃ | ကပ | ၈၁၄၁၃၈ |
| ဃ | ၄၀၂၀၁၉ | ကအ | ၈၅၆၂၇၅ |
| ည | ၄၀၈၆၀၅ | ကမ | ၈၅၉၉၁၁ |
| ဗ | ၄၃၉၃၉၂ | ဍ | ၈၇၀၅၇၁ |
| တ | ၄၇၄၀၀၉ | ကခ | ၈၈၇၀၄၁ |
| ကဗ | ၄၉၁၀၀၂ | န | ၉၃၆၆၇၀ |
| ဈ | ၄၉၉၉၄၄ | ကအ | ၉၅၈၉၁၂ |
| ကပ | ၅၀၄၂၇၂ | တ | ၉၆၄၇၈၇ |
| ဇ | ၅၂၆၆၃၇ | | |

### ဆုတစ်ဆုချင်းကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| တ | ၁၀၇၃၇၁ | ကဘ | ၄၅၅၃၆၃ | ည | ၇၇၉၄၈၆ | ဍ | ၈၈၅၁၅၈ |
| ကဝ | ၁၁၉၄၁၈ | ကဟ | ၄၇၉၉၈၄ | ကဘ | ၇၈၂၅၈၀ | ကန | ၈၈၇၉၀၇ |
| ကဝ | ၁၂၀၃၂၄ | ကဋ | ၅၀၉၇၆၃ | ကပ | ၇၉၈၅၁၂ | စ | ၈၈၉၀၆၇ |
| ကဖ | ၁၄၈၅၃၈ | ကပ | ၅၃၁၆၉၉ | စ | ၈၀၉၁၀၉ | ကဘ | ၉၀၃၆၆၁ |
| ကအ | ၁၉၄၉၁၆ | ဇ | ၅၅၆၅၀၈ | င | ၈၂၃၆၉၈ | ကဃ | ၉၄၂၄၅၂ |
| ကဝ | ၁၉၈၃၃၆ | ကဗ | ၅၆၂၈၇၅ | ကရ | ၈၃၉၈၅၆ | ခ | ၉၄၅၈၁၀ |
| ဍ | ၂၃၃၆၀၂ | ကဟ | ၅၈၀၈၆၈ | ကဃ | ၈၅၅၁၇၁ | စ | ၉၄၇၄၀၁ |
| ဏ | ၂၄၃၇၇၉ | ကမ | ၆၀၉၈၀၃ | ကခ | ၈၇၁၅၇၇ | ကဖ | ၉၅၄၀၆၁ |
| ဇ | ၃၀၁၅၉၂ | ကဋ | ၆၄၆၀၁၆ | ခ | ၈၇၄၄၈၀ | ကမ | ၉၇၉၁၅၇ |
| ခ | ၃၁၃၀၃၅ | ဍ | ၇၆၃၀၇၉ | ကဝ | ၈၈၄၅၁၈ | ဒ | ၉၈၇၉၄၂ |
| ကဟ | ၃၇၄၁၄၃ | | | | | | |

## (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် ဝေဝေဆာဆာပဒေသာဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ပ | - ၄၃၅၂၆ | ကဒ | - ၇၅၆၂၀ |
| ကဋ | - ၅၁၃၃၀ | ပ | - ၃၉၅၈၄ |
| ည | - ၅၇၉၆၈ | ကဖ | - ၈၂၆၄၈ |
| ကရ | - ၆၈၇၃၄ | ဈ | - ၉၄၀၈၃ |
| င | - ၆၈၇၈၂ | န | - ၉၉၇၄၇ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| က | - ၁၅၂၂ | ကလ | - ၃၄၈၆ |
| ကလ | - ၁၆၆၉ | ကဒ | - ၆၁၅၇ |
| ဒ | - ၁၈၃၃ | ကပ | - ၇၄၀၈ |
| ကဖ | - ၂၄၁၁ | ထ | - ၇၈၈၁ |
| ကဘ | - ၃၄၂၁ | ထ | - ၈၄၀၈ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကဋ | - ၁၂၂ | ကပ | - ၂၇၉ | ကဖ | - ၄၅၀ | ဈ | - ၆၉၂ | န | - ၇၄၉ | င | - ၈၄၆ |
| က | - ၁၅၉ | ဂ | - ၂၉၂ | ဇ | - ၅၂၉ | င | - ၇၀၄ | တ | - ၇၅၀ | န | - ၈၈၈ |
| ဏ | - ၂၁၄ | ကဒ | - ၃၉၃ | ဓ | - ၅၅၃ | ကဒ | - ၇၀၈ | ကပ | - ၇၅၉ | ဆ | - ၉၁၅ |
| ကဒ | - ၂၇၃ | ကဝ | - ၄၀၂ | ကဓ | - ၅၆၆ | ခ | - ၇၁၁ | ကဝ | - ၇၉၄ | ရ | - ၉၉၇ |
| ဍ | - ၂၇၅ | ဒ | - ၄၃၆ | ထ | - ၆၅၀ | ကန | - ၇၃၀ | ထ | - ၈၂၁ | | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ကပ - ၁၀ ပ - ၁၄ ကဗ - ၂၂ ကဘ - ၂၉ က - ၄၃ ဇ - ၇၀ ကအ - ၉၅

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကပ - ၁၀၆၅၉၂ ကပ-၁၀၆၇၈၄

ပုံနှိပ်စဉ်အတွင်းပါဝင်ခြင်းမရှိသည့်ကပ-၁၀၀၀၀၀ နှင့် ကပ-၁၀၀၀၀၁ ဂဏန်းများ အတွက် အစားထိုးရွှင့်လှန်ပေးသည့်ဆုမဲဂဏန်းများဖြစ်ပါသည်။

## (၃၄၁) ကြိမ်မြောက် ကျပ် ၂၀၀ တန် ထီပေါက်စဉ်
